ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )**

**[ အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၆.၂၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ PR ကော်မရှင်ကိစ္စ။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ၎င်းအတိုင်း။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ၎င်းအတိုင်း။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ PR ကော်မရှင်ကိစ္စ။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်း အစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဆေးစစ်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ အမျိုးသား ရေအရင်းအမြစ် Forum။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ PR ကော်မရှင် ကိစ္စ။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး၊ တပ်မတော်၊ နံနက်ပိုင်းခွင့်၊ PR ကော်မရှင်ကိစ္စ။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄ အစည်းအဝေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြအုန်း၊ ကချင်(၈)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီလုပ်ငန်း။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကော်မတီ

လုပ်ငန်း။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ဖွံ့ဖြိုးရေးတက္ကသိုလ် အခမ်းအနား။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ အစည်းအဝေး။ ဦးဝှေ့ယိန်း၊ ချင်း(၁၁)၊ အစည်းအဝေး။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ အမျိုးသား ရေအရင်းအမြစ် Forum ။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၇၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပြည်သူတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လုံခြုံစိတ်ချမှု ရှိစေရေးအတွက် ပုဂ္ဂလိက ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင် အစရှိသည့် ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနက အရည်အသွေး မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုံခြုံစိတ်ချမှုရှိစေရေးအတွက် ပုဂ္ဂလိက ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင် အစရှိသည့် ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနက အရည်အသွေး မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးနဲ့ တကွ ဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်အရ ဒီနေ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ လုံခြုံစိတ်ချမှု ရှိစေဖို့အတွက် ပုဂ္ဂလိကဆေးရုံတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင် အစရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကျန်းမာရေးဝန်ကြီးဌာနက အရည်အသွေး မြှင့်တင်ဆောင်ရွက်ပေးသွားမယ့် အစီအစဉ်နဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မြန်မာနိုင်ငံမှာ ပုဂ္ဂလိကဆေးရုံတွေ အမြောက်အမြား ဖွင့်လှစ်တည်ထောင်ထားပါတယ်။ ဒါပေမဲ့ HR လို့ခေါ်တဲ့ Human Resource ဖြစ်တဲ့ ဆရာဝန်၊ ဆရာမတွေ အားလုံးဟာ ကျွန်တော်တို့ နိုင်ငံတော်ဆေးရုံကနေပြီးတော့ အချိန်ပိုင်းတာဝန် ထမ်းဆောင်နေရတာ ဖြစ်ပါတယ်။ ဒီကုသမှုအပိုင်းမှာ ဆောင်ရွက်ပေးနေတဲ့ အထူးအားဖြင့်ဆို အထူးကုဆရာဝန်ကြီးများ အားလုံးနီးပါး (၉၀)ရာခိုင်နှုန်းကျော်ဟာ ကျွန်တော်တို့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေပြီးတော့ အချိန်ပိုင်း ဆေးကုသမှုပေးနေရတာ ဖြစ်ပါတယ်။ ဒီလိုပါပဲ သူနာပြု၊ ဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင်သူတွေ အပါအဝင် ဆေးပညာနဲ့ ဆေးဘက်ဆိုင်ရာ ပညာရှင် အားလုံးနီးပါးဟာ နိုင်ငံဝန်ထမ်းတွေကိုသာ အားကိုး အားထား ပြုနေရပါတယ်။ ဒီကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဒီလိုအချိန်ပိုင်း အနေနဲ့ပဲ ကုသရေး တာဝန်ကို ပုဂ္ဂလိကကဏ္ဍမှာ ဆောင်ရွက်နေရတဲ့အတွက်ကြောင့်မို့လို့ ထိရောက်တဲ့ ကုသစောင့်ရှောက်မှု ရဖို့ဟာ တော်တော်လေး ခဲယဉ်းပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ တစ်လောလေးကပဲ ဝိတိုရိယဆေးရုံမှာ ဖြစ်ပွားသွားခဲ့ရတဲ့ ကိစ္စမျိုး၊ ဒါ အင်မတန်မှ ဒါ ရင်နာစရာလည်း ကောင်းပါတယ်။ ဆောင်ရွက်တဲ့ပုဂ္ဂိုလ် အနေနဲ့ကလည်း ကျွန်တော်တို့ ဒီ အချိန်ကို လုပြီးတော့ အချိန်ပိုင်း ဆောင်ရွက်ရတဲ့အတွက်ကြောင့်မို့လို့ ဒီလိုမျိုးပြဿနာတွေ ပေါ်ပေါက်နေရတယ်လို့ပဲ ပွင့်လင်းရိုးသားစွာ တင်ပြလိုပါတယ်။

နိုင်ငံတကာမှာတော့ ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ပုဂ္ဂလိကဆေးရုံတွေဟာ ကိုယ့်ရဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကိုယ့်ဟာနဲ့ကိုယ် ပြုစုပျိုးထောင်ပြီးတော့ မွေးထုတ်ပေးရတာ ဖြစ်ပါတယ်။

ကုသရေးပိုင်းတင် မကပါဘူး။ သင်ကြားရေးပိုင်းကိုပါ ပုဂ္ဂလိကတက္ကသိုလ်တွေနဲ့ ချိတ်ဆက်ထူထောင်ထားတဲ့ အတွက်ကြောင့်မို့လို့ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ဒီ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်က ခုန ဆရာဝန်၊ ဆရာမ၊ ကျွမ်းကျင်သူတွေကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဆေးတက္ကသိုလ်နဲ့ ဆေးပညာနှီးနွှယ်တက္ကသိုလ်တွေကနေပြီးတော့ လက်ခံပြီးတော့ လေ့ကျင့်သင်ကြားပေးနိုင်ခြင်း မရှိတဲ့ အတွက်ကြောင့်မို့လို့ ဒီဟာကြီးက ကွက်လပ်သဖွယ် ဖြစ်နေရတာ ဖြစ်ပါတယ်။ အထူးအားဖြင့်တော့ ဒီဝန်ထမ်းမဟုတ်တဲ့ ဆရာဝန်တွေကို ဘွဲ့လွန်သင်တန်းတွေ တက်ခွင့်ရရှိရေးကို အကြိမ်ကြိမ် လွှတ်တော်မှာ မေးမြန်းတင်ပြခဲ့ပါတယ်။ ဒါပေမဲ့ သင်ကြားရေးပိုင်းမှာ ဆရာ မလုံလောက်မှုကြောင့် ဆောင်ရွက် သင်ကြားပေးနိုင်ခြင်း မရှိကြောင်းသာ ပြန်ကြားဖြေဆိုခဲ့ပါတယ်။

ထို့အတူပါပဲ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းတွေမှာလည်း ပုဂ္ဂလိကကဏ္ဍက သင်တန်းသူ/သင်တန်းသားတွေကို လက်ခံသင်ကြားပေးနိုင်ခြင်း မရှိပါဘူး။ ဓာတ်ခွဲ၊ ဓာတ်မှန် အစရှိတဲ့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေကိုလည်း ဝန်ထမ်းမဟုတ်သူတွေကိုပါ လေ့ကျင်သင်ကြား ပေးဖို့ အစီအမံတွေကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါဘူး။ အခုအချိန်မှာတော့ အမျိုးသားပညာရေး ဥပဒေကြီးလည်း ပေါ်ပေါက်လာပြီးတဲ့အခါမှာတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စတွေကို ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍမှာ ပုဂ္ဂလိကဆေးရုံတွေကလည်း အရည်အသွေးပြည့်မီစွာ ပါဝင်ဆောင်ရွက်နိုင်ဖို့ နောက်တစ်ခါ နိုင်ငံတကာအဆင့်မီ ဆေးရုံတွေအဖြစ် ပြည်ပဝင်ငွေကိုပါ ရှာဖွေပေးနိုင်ဖို့ဟာ လိုအပ်ပါတယ်။ နောက်တစ်ခါ နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ပညာရှင်တွေအတွက်လည်း လုံလောက်တဲ့ တာဝန် ထမ်းဆောင်ချိန်များရရှိရေး ဒီအချက်(၃)ချက်အပေါ်မှာ မူတည်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးကို မေးခွန်း(၄)ခု ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။

(၁) မေးခွန်းကတော့ ဝန်ထမ်းမဟုတ်တဲ့ ဆရာဝန်များကို အရည်အချင်းစစ် စာမေးပွဲ ဖြေဆို အောင်မြင်ပါက သင်တန်းကြေး နှုန်းထားတစ်ခု သတ်မှတ်၍ ဘွဲ့လွန်သင်တန်းများ တက်ရောက်ခွင့် ပေးနိုင်ခြင်း ရှိ/မရှိ။ (၂) မေးခွန်းကတော့ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းများတွင် အရည်အချင်း ပြည့်မီတဲ့ ပုဂ္ဂလိက သင်တန်းသား/သင်တန်းသူတွေကို သင်တန်းကြေး နှုန်းထားတစ်ခု သတ်မှတ်ပြီးတော့ သင်တန်းတက်ရောက်ခွင့် ပေးနိုင်ခြင်း ရှိ/မရှိ။ (၃) မေးခွန်းကတော့ ဓာတ်ခွဲ၊ ဓာတ်မှန်အစရှိတဲ့ ဆေးဘက် ဆိုင်ရာ တက္ကသိုလ် သင်တန်းကျောင်းတွေမှာ အရည်အချင်းပြည့်မီတဲ့ ပုဂ္ဂလိက သင်တန်းသား/သင်တန်းသူ တွေကို သင်တန်းကြေး နှုန်းထားတစ်ခု သတ်မှတ်ပြီးတော့ သင်တန်း တက်ရောက်ခွင့်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ နောက်ဆုံး အမှတ်(၄)မေးခွန်းကတော့ အရည်အသွေးပြည့်မီတဲ့ ပုဂ္ဂလိကဆေးရုံကြီးတွေကို ဆေးတက္ကသိုလ် ရဲ့ သင်ကြားရေးဆေးရုံများအဖြစ် တွဲဖက်တာဝန်ထမ်းဆောင်စေခြင်းဖြင့် မြန်မာ့ဆေးပညာ အဆင့်အတန်း ကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ တို့ကို အများပြည်သူအကျိုးငှာ အပြုသဘော လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာသန်းအောင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြတ်ဉာဏစိုး ၏ မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား မိမိမှ ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၀၁ ခုနှစ် က ၂၀၁၃ ခုနှစ်အထိ ဆေးသိပ္ပံဦးစီးဌာန လက်အောက်မှာရှိတဲ့ တက္ကသိုလ်တွေ၊ သင်တန်းကျောင်းတွေမှာ ဆရာဝန်ပေါင်း(၁၈၅၀၁)ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်ပေါင်း(၂၁၆၂)နဲ့ သူနာပြုဘွဲ့ရ (၄၄၃၇)ဦး၊ သူနာပြုဒီပလိုမာ (၁၄၁၉၈)ဦး၊ ဘက်စုံသားဖွားဆရာမ (၁၂၄၀၉)ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ရ (၂၆၆၀) ဦးနှင့် ဆေးဝါးကျွမ်းကျင်ဘွဲ့ရ (၂၆၉၂)ဦးတို့အား လေ့ကျင့်မွေးထုတ်ပေးခဲ့ပါတယ်။

ကျန်းမာရေးဦးစီးဌာနသည် ကုသမှုဆိုင်ရာကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်ရတဲ့ အတွက် ၎င်းလုပ်ငန်းနဲ့အညီ ၂၀၀၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဆရာဝန် (၇၁၁၄)ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်(၅၄၅)ဦးနဲ့ သူနာပြုဘွဲ့ရနှင့် ဒီပလိုမာ(၁၄၃၀၅)ဦး၊ သားဖွားဆရာမ(၈၃၀၂)ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ရ (၂၁၇၉)ဦး၊ ဆေးဝါးကျွမ်းကျင်ဘွဲ့ရ (၂၇၂)ဦးကို ခန့်ထားတာဝန်ပေးခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်မထမ်းဆောင်ကြဘဲ သင်တန်းဆင်းပုဂ္ဂိုလ်များသည် ပုဂ္ဂလိကကဏ္ဍ နယ်ပယ်အသီးသီးတွင် ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ တက်ရောက်လိုတဲ့ ဝန်ထမ်း မဟုတ်သော ဆရာဝန်များနဲ့ သူနာပြု၊ သားဖွားသင်တန်း တက်လိုသော ပုဂ္ဂလိက သင်တန်းသူ/သင်တန်းသားများကို လက်ရှိ ဖြစ်ထွန်းတိုးတက်လာတဲ့ အခြေအနေအရလည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ လိုအပ်ချက်အရလည်းကောင်း လေ့လာဆန်းစစ်ပြီးတော့ ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရန်ကုန်ကို ၁၉၉၁ ခုနှစ်တွင်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ မန္တလေးကို ၂၀၀၀ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ရာ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဘွဲ့ (၁၁၇၁)ဦး၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နဲ့ ပုံရိပ်ဖော်နည်းပညာဘွဲ့ (၉၁၇)ဦး၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှု နည်းပညာဘွဲ့ (၁၀၀၃)ဦး၊ စုစုပေါင်း (၃၀၉၁)ဦးအား မွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်ဘွဲ့ရသော ကျွမ်းကျင်သူများကို နိုင်ငံတော်အတွက် သာမက ပုဂ္ဂလိကပြည်ပဆေးရုံ၊ ဆေးခန်းများတွင်လည်း တာဝန်ထမ်းဆောင်ရန်အတွက် လုံလောက်စွာ မွေးထုတ်လျက်ရှိပါတယ်။ အဆင့်မြင့်ပညာဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက တက္ကသိုလ်များ အနေဖြင့် ၎င်းဥပဒေနှင့်အညီ ပုဂ္ဂလိကသင်တန်းသားများကို လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို တက္ကသိုလ်ဝင် အောင်မြင်ပြီး အမှတ်ပြည့်သူများကို တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ပြီး ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်

ရန်ကုန်နှင့် မန္တလေးတို့တွင် တစ်နှစ်လျှင် (၅၀)ဦးဖြင့် သင်ကြားပို့ချလျက်ရှိပြီး၊ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် လစ်လပ်နေတဲ့ ဆေးဘက်ကျွမ်းကျင်(၄) ဓာတ်မှန်ရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားနိုင်ရန်အတွက် ဆေးဘက်ကျွမ်းကျင်(၄) ဓာတ်မှန် (၆)လသင်တန်းကို ဌာနအတွင်းမှာရှိတဲ့ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ အငယ်တန်းဝန်ထမ်းများကို လည်းကောင်း၊ ပြင်ပမှသင်တန်းသားများအား တိုင်းနဲ့ ပြည်နယ် ကျန်းမာရေးဦးစီးဌာန အစီအစဉ်ဖြင့် သင်တန်းများကို ရွေးချယ်ပြီး၂၀၁၅ ခုနှစ်၊ မတ်လတွင် သင်တန်းစတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါသင်တန်းများတွင် ပုဂ္ဂလိကသင်တန်းသူ/သင်တန်းသားများကို သင်တန်းကြေး တစ်ခုလျှင် သတ်မှတ်၍ သင်တန်းတက်ရောက်ခွင့် ရရှိရေး တင်ပြ၍ ဆောင်ရွက်သွားပါမယ်။ ဓာတ်ခွဲခန်းကျွမ်းကျင်(၂) မွေးထုတ်ပြီး စုစုပေါင်း (၁၁၇၁) ဦး ရှိနေပြီး အလုပ်မဝင်သေးသူ ပြင်ပပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင်လည်းကောင်း၊ ပြည်ပနိုင်ငံများတွင်လည်းကောင်း အလုပ် လုပ်ကိုင်နေကြသူများရှိပါတယ်။ ထို့အပြင် ဆေးသိပ္ပံဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနဲ့ တိုင်းရင်းဆေးပညာဌာနတို့တွင် တာဝန်ထမ်းဆောင်နေမှုများ ရှိပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားလိုတာကတော့ တင်ပြပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းဖြစ်တဲ့ (က)၊ (ခ)၊ (ဂ)များကို ပေါင်းစည်းပြီး အနှစ်ချုပ်တင်ပြရလျှင် ပြဋ္ဌာန်းပြီးဖြစ်သော အမျိုးသားပညာရေးဥပဒေနှင့်အညီ Sectorial Law များ ပေါ်ပေါက်လာပါက ၎င်း Law များနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး နောက်ဆုံးမေးခွန်းဖြစ်တဲ့ စတုတ္ထမေးခွန်းဖြစ်တဲ့ မေးခွန်းကို ဆက်လက် တင်ပြသွားပါမယ်။ ၂-၆-၂၀၁၄ ခုနှစ်မှ ၃-၆-၂၀၁၄ ခုနှစ်အထိ ကျင်းပပြုလုပ်ခဲ့တဲ့ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲမှာ Public Private Partnership အခန်းကဏ္ဍတိုးတက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာအဆင့်မီ ဆေးရုံများ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်မှ လိုအပ်နေတဲ့ ပံ့ပိုးကူညီမှုများ ပြုလုပ်ရန်၊ ပုဂ္ဂလိကဆေးရုံများအားလည်း သင်ကြားရေးဆေးရုံများအဖြစ် အသုံးပြုနိုင်ရေး နည်းလမ်းရှာဖွေရန်၊ ပြည်ပရောက် မြန်မာဆရာဝန်များ၊ ပုဂ္ဂလိကကဏ္ဍတွင် အဆင်ပြေစွာ ပြန်လည်တာဝန် ထမ်းဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်နှင့် နောင်ပြောင်းလဲဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေနှင့် လိုက်လျောညီထွေသော ပုဂ္ဂလိကဆေးရုံ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များ ဖွင့်လှစ်သွားရန် ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များတွင် ပါဝင်ပြီးဖြစ်ရာ ဌာနပေါင်းစုံ ညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည့်ပြည့်စုံစုံဖြေကြားသွားတဲ့ ပြည်ထောင်စုဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ အခု ကျွန်တော်တို့ ရန်ကုန်

ဆေးရုံကြီးမှာဆိုရင် ခါတ်ခွဲ၊ ခါတ်မှန် ဒီသွေးစစ်တဲ့ အခတွေ မပေးရတော့ပါဘူး။ နောက်တစ်ခါ ကျွန်တော်တို့ ဒီစာအုပ်ဖိုးတွေ၊ Register Book တွေလည်း မပေးရတော့ပါဘူး။ ဒီလိုတွေ တိုးတက်ပြောင်းလဲမှုတွေကိုလည်း ကျွန်တော်တို့ မြင်တွေ့ရတဲ့အတွက်ကြောင့်မို့ ဝမ်းသာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံကနေပြီးတော့ ဘွဲ့ရပြီး အောင်မြင်ပြီးတဲ့ ဆရာဝန်တွေ တော်တော်များများဟာ ပြည်ပနိုင်ငံတွေမှာ ကျွန်တော်တို့ Consultant တွေအဖြစ် တာဝန်ထမ်းဆောင်နေတာမျိုးတွေ ရှိပါတယ်။

အဲဒီ ဆရာဝန်တွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံကို ပြန်လာပြီးတော့ တစ်ထောင့်တစ်နေရာကနေပြီးတော့ ဖြည့်ဆည်းဆောင်ရွက်ပေးမယ် ဆိုရင်လည်း ဒါ တော်တော်လေးကို အဆင်ပြေမယ့်အနေအထား ရှိပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ ကန့်သတ်ချက်တွေ ရှိနေတဲ့အတွက်ကြောင့်မို့ ဒါတွေဟာ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံကနေပြီးတော့ ဘန်ကောက်ဆေးရုံကိုဖြစ်စေ၊ အနီးစပ်ဆုံး စင်ကာပူကဆေးရုံတွေကို ဖြစ်စေ ထွက်ပြီးတော့ ကုသရတဲ့အတွက်ကြောင့်မို့လို့ တိုင်းပြည်ရဲ့ ဒါ ဝင်ငွေတွေလည်း တော်တော်ကို ဆုံးရှုံးနစ်နာနေရတာ ရှိပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆို မြန်မာနိုင်ငံမှာ နှလုံးရောဂါအထူးကု (Heart Centre) မရှိသေးပါဘူး။ မရှိတဲ့အတွက်ကြောင့်မို့လို့ ဒီလိုဝေဒနာရှင်တွေဟာဆိုရင် နိုင်ငံတကာကိုပဲ အားကိုးအားထားပြုနေရပါတယ်။ အဲဒီတော့ ဒီလိုကိစ္စရပ်မျိုးတွေအတွက်ကိုရော ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဖြေရှင်းဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာသန်းအောင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ကျွန်တော့်အား မေးခွန်း မေးပေးတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ရှေးဦးစွာ တင်ပြလိုတာကတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်ဆေးရုံကြီး အပါအဝင် တစ်နိုင်ငံလုံးမှာ Out of Pocket ကျဆင်းအောင်အတွက် ကျွန်တော် ကြိုးစားနေပါတယ်။ ဆောင်ရွက်နေတဲ့အတွက် အတိုင်းအတာအလျောက်တော့ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဒီထက်မက ကြိုးစားပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှေးဦးစွာတင်ပြလိုပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ကတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုတာကတော့ ရန်ကုန်ဆေးရုံကြီးတင်မကဘဲ တိုင်းနဲ့ ပြည်နယ် ဆေးရုံကြီးတွေမှာလည်း ခုတင်(၅၀၀)အဆင့် ဆေးရုံတွေ ဖွင့်လှစ်နိုင်ရန်နဲ့ ခရိုင်အဆင့်တွေမှာ ခုတင်(၁၀၀)အဆင့် ဆေးရုံများ ဖွင့်လှစ်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ပါတယ်။ ထိုသို့ဆောင်ရွက်တဲ့အခါမှာ ပေါ်ပေါက်ပြီးပါက ရန်ကုန်မြို့ကို လာရောက်ကုသရန်မလိုဘဲ တိုင်းဒေသကြီးမှာတင် မိမိတို့၏ရောဂါများကို ကုသနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ တစ်ဖက်ကလည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘွဲ့လွန်သင်တန်းများ၊ ဒီပလိုမာသင်တန်းများကို တိုးချဲ့ပြီးတော့ ခေါ်ယူခြင်း ဆောင်ရွက်နေသလို နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး အင်္ဂလန်နိုင်ငံမှ တော်ဝင်သမားတော်များအဖွဲ့ကလည်း မြန်မာနိုင်ငံမှာ လာရောက်စာမေးပွဲ စစ်နိုင်တဲ့ Centre တွေကို များများဖွင့်လှစ်ရန် ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။

ထို့အတွက်ကြောင့် မကြာမီမှာ ကျန်းမာရေးဝန်ကြီးဌာနက ပြည်ပကို သွားရောက်ပြီးတော့ ဆေးကုသမှုတွေကို ဆောင်ရွက်နိုင်မှု မရှိရန်အတွက် ကြိုးစားဆောင်ရွက်နေကြောင်း တင်ပြလိုပါတယ်။ ဆက်လက်ပြီး အမျိုးသား National Health Centre ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်တစ်ခု၊ ရန်ကုန်တစ်ခု၊ မန္တလေးတစ်ခု ပေါ်ပေါက်နိုင်ရန်အတွက် ကျွန်တော့်အနေဖြင့် စီမံဆောင်ရွက်နေပါတယ်။ ထိုသို့ စီမံဆောင်ရွက်မှုကိုလည်း ကျွန်တော်တို့ လူကြီးများ၏ လမ်းညွှန်မှုနဲ့အညီ ဆောင်ရွက်နေကြောင်း တင်ပြလိုပါတယ်။ နောက်ဆုံး မေးခွန်းတစ်ခုဖြစ်တဲ့ ပြည်ပမှာ ရောက်နေတဲ့ ဆရာဝန်တွေ လာရောက်ဆေးကုနိုင်ရန်အတွက်ကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတကြီးလည်း ပြည်ပမှာရောက်နေတဲ့ နိုင်ငံခြားမှာရောက်နေတဲ့ ဆရာဝန်တွေကို၊ ပညာရှင်တွေကို ဖိတ်ခေါ်ထားမှုလည်း ရှိပါတယ်။

ယခုအခါ ဆေးကောင်စီဥပဒေကိုလည်း လွှတ်တော်များသို့ ကျွန်တော့်အနေဖြင့် တင်ပြထားပါတယ်။ တင်ပြပါ ဥပဒေမှာတော့ ယခုခေတ်နဲ့ လျော်ညီအောင် ဖြေလျှော့ခြင်းတွေ၊ ပြင်ဆင်ခြင်းတွေ ပြုပြင်မှုတွေ ဆောင်ရွက်ထားရှိပါတယ်။ ၎င်းဥပဒေ ပေါ်ပေါက်ပြီးပါက ပြည်ပနိုင်ငံအသီးသီးမှာ ရောက်နေတဲ့ မြန်မာနိုင်ငံသား ပညာရှင်တွေဟာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးရဲ့ ဖိတ်ကြားမှုနဲ့အညီ ကျွန်တော်တို့ရဲ့ ပုဂ္ဂလိကကဏ္ဍမှာ ဆေးကုသမှုလုပ်ငန်းတွေမှာ လာရောက်ပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ထိုအချိန်ကျလို့ရှိရင် ပုဂ္ဂလိကကဏ္ဍတွေ ကျန်းမာရေးဆောင်ရွက်မှုအတွက် တိုးတက်လာမှာ ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် တစ်ချိန်မှာတော့ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဟာ နိုင်ငံတကာနဲ့အမီ ခေတ်မီဆောင်ရွက်သွားနိုင်အောင် ကြိုးစားဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးအထူးပဲ တင်ရှိပါတယ်။

**မြောက်ဦးမြို့နယ်၊ လက်ပန်တောကျေးရွာ၊ ချောင်းကူးကြိုးတံတားကို အပြီးသတ်ဆောက်နိုင်ရန် ပြည်ထောင်စုဘဏ္ဍာငွေ သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေမှ ကျခံသုံးစွဲသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က မြောက်ဦးမြို့နယ်၊ လက်ပန်တောကျေးရွာ၊ ချောင်းကူးကြိုးတံတားကို အပြီးသတ်ဆောက်နိုင်ရန် ပြည်ထောင်စုဘဏ္ဍာငွေ သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေမှ ကျခံသုံးစွဲသွားရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကော်မရှင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးထားတဲ့ မေးခွန်းကတော့ မြောက်ဦးမြို့နယ် လက်ပန်တောကျေးရွာ၊ ချောင်းကူးကြိုးတံတားကို အပြီးသတ်တည်ဆောက်နိုင်ရန် ပြည်ထောင်စုဘဏ္ဍာငွေ သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေမှ ကျခံသုံးစွဲသွားရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မြောက်ဦးမြို့နယ် လက်ပန်တောကျေးရွာမှာရှိတဲ့ ရွာချင်းဆက် ချောင်းကူးကြိုးတံတားကို ၂၀၁၂ ခုနှစ်က စတင်ပြီးတော့ ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ခဲ့ကြတယ်လို့ သိရပါတယ်။ ဒီတံတားကို ဒေသခံ အငြိမ်းစား အင်ဂျင်နီယာကြီးတစ်ဦးက ဦးဆောင်ပြီးတော့ မိမိဒေသရဲ့ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလာစေဖို့ ရည်ရွယ်ပြီးတော့မှ ကျေးရွာရဲ့ ပြည်သူလူထု ထည့်ဝင်ငွေနဲ့ တည်ဆောက်ခဲ့ကြတာ ဖြစ်ပါတယ်။ သို့သော် အခုအခါမှာ သက်ဆိုင်ရာ ကျေးရွာတို့မှလည်း လိုအပ်တဲ့ငွေ ဟူသမျှကို ကျခံအသုံးပြုရန် မတတ်နိုင်တော့ပါဘူး။ ဒါကြောင့် တံတားတည်ဆောက်မှု ရပ်တံ့သွားရတဲ့ အနေအထားမှာ ကျရောက်သွားရပါတယ်။ တံတားဟာ ရွာချင်းဆက်ချောင်းကူးတံတားတစ်ခု ဖြစ်တဲ့အတွက် အသွားအလာများသည့် တံတားတစ်ခုလည်း ဖြစ်ပါတယ်။ အခုလို ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ တည်ဆောက်ခဲ့ကြရာမှာ ကျေးရွာများ၏ အင်အားနဲ့ ပြီးစီးအောင်ထိ ဆက်ပြီးတော့ မတည်ဆောက်နိုင်တဲ့ အခက်အခဲရှိနေလို့ ဒီတံတားကို အပြီးသတ် တည်ဆောက်နိုင်အောင် ပြည်ထောင်စု ဘဏ္ဍာငွေ ဒါမှမဟုတ်ရင် ပြည်နယ်ဘဏ္ဍာငွေနဲ့ ကူညီပံ့ပိုးပြီးတော့ အပြီးသတ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၄) မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးကျော်ကျော် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

မြောက်ဦးမြို့နယ်၊ လက်ပန်တောကျေးရွာ ချောင်းကူးကြိုးတံတားကို အပြီးသတ် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု ဘဏ္ဍာငွေ သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ မြောက်ဦးမြို့နယ်၊ လက်ပန်တောကျေးရွာဟာ မြောက်ဦးမြို့မှ (၅)မိုင်ခန့် ကွာဝေးပြီးတော့ လက်ပန်တောကျေးရွာ ချောင်းကူးတံတားကို ၂၀၁၂ ခုနှစ်မှာ ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ခဲ့သော်လည်းပဲ ကြိုးထိန်းအုတ်ခုံ (၂) ခုသာ ပြီးစီးခဲ့ပါတယ်။

လက်ပန်တောကျေးရွာအုပ်စုမှာ လက်ပန်တော၊ အထုပ်သည်မ၊ ခြောက်ဆယ်ဝင်ကျေးရွာများ ပါဝင်ပြီးတော့ အိမ်ခြေ(၂၅၆)အိမ်၊ လူဦးရေ (၁၃၇၈)ဦး နေထိုင်လျက်ရှိပြီးတော့ ကျေးရွာသူ၊ ကျေးရွာသားများဟာ အရှည် (၁၀၀) ပေ၊ အကျယ် (၆) ပေ၊ အမြင့် (၁၈) ပေရှိတဲ့ သစ်သားကြမ်းခင်းဖြင့် ယာယီတံတားကနေပြီးတော့ သွားလာနေကြရပါတယ်။ မြောက်ဦးမြို့နယ် လက်ပန်တောကျေးရွာမှာရှိတဲ့ ချောင်းကူးကြိုးတံတား တည်ဆောက်ပြုလုပ်မယ် ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၅၀) ကုန်ကျမှာဖြစ်ပြီး

တော့ အဆိုပါ ချောင်းကူးကြိုးတံတားကို ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေမှာ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိတ္ထီလာမြို့နယ်၊ ဖလံကျင်းကျေးရွာ၊ မြေယာ သိမ်းဆည်းခြင်းခံရသော တောင်သူများ၏ လူမှုရေးဘဝများ မြှင့်တင်ရေး၊ ဆင်းရဲတွင်းမှ လွတ်ကင်းရေးတို့အတွက် မြေယာ လျော်ကြေးငွေများပေးအပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်က မိတ္ထီလာမြို့နယ်၊ ဖလံကျင်းကျေးရွာ၊ မြေယာသိမ်းဆည်းခြင်းခံရသော တောင်သူများ၏ လူမှုရေးဘဝများ မြှင့်တင်ရေး၊ ဆင်းရဲတွင်းမှ လွတ်ကင်းရေးတို့အတွက် မြေယာလျော်ကြေးငွေများ ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြပါသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားသော ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမား အကျိုးစီးပွားမြှင့်တင်ရေး ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မိတ္ထီလာမြို့နယ် ဖလံကျင်းကျေးရွာ၊ မြေယာသိမ်းဆည်းခြင်းခံရသော တောင်သူများ၏ လူမှုရေးဘဝများမြှင့်တင်ရေး၊ ဆင်းရဲတွင်းမှ လွတ်ကင်းရေးတို့အတွက် မြေယာ လျော်ကြေးငွေများ ပေးအပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့နယ်၊ မုန်တိုင်ကျေးရွာအုပ်စု၊ ဖလံကျင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသည့် တောင်သူလယ်သမားများ၏ လယ်မြေ၊ ယာမြေများအား ၁၉၉၀-၁၉၉၁ ခုနှစ်တွင် အမြောက်နှင့် သံချပ်ကာ ယန္တရားကျောင်း ယခု အမြောက်သင်တန်းကျောင်း ဆောက်လုပ်ရန်အတွက် တပ်မတော်မှ သိမ်းဆည်းခြင်းခံခဲ့ရပါတယ်။

တပ်မတော်မှ သိမ်းဆည်းခြင်း ခံရသည့်တောင်သူ (၈၈) ဦးတို့၏ လယ်မြေ၊ ယာမြေများမှာ ကွင်းအမှတ် (၈၁၉) (၈၁၈/က) (၈၁၈/ခ) ရှိ စုစုပေါင်းဧက (၃၆၀.၇၅) ဖြစ်ပြီး သိမ်းဆည်းခံ တောင်သူများမှာ မြေယာလျော်ကြေးငွေများ မရရှိတဲ့အတွက် မြေမဲ့၊ ယာမဲ့ ဆုံးရှုံးနစ်နာလျက်ရှိပြီး မိသားစု စားဝတ်နေရေး ကြပ်တည်းမှုကြောင့် စိတ်ဝေဒနာခံစားပြီး ရူးသွပ်သွားသူများပင် ရှိနေကြောင်း သိရှိရပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ကျေးလက်နေပြည်သူ တောင်သူများ၏ လူမှုစီးပွားဘဝ

မြှင့်တင်ရေး၊ ဆင်းရဲတွင်းမှ လွတ်ကင်းရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို လုပ်ငန်းလိုအပ်ချက်အရ သိမ်းဆည်းခြင်းခံရသည့် လယ်ယာမြေများအား လုပ်ငန်းဆောင်ရွက်ခြင်းမရှိပါက မူလ လယ်ယာမြေပိုင်ဆိုင်သည့် တောင်သူများအား ပြန်လည်ပေးအပ်ခြင်း၊ လုပ်ငန်းလုပ်ကိုင်သည့် သိမ်းဆည်းလယ်ယာမြေများအား မြေယာအမျိုးအစားအလိုက် လျော်ကြေးများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

အထက်ဖော်ပြပါ မိတ္ထီလာမြို့နယ်၊ မုန်တိုင်ကျေးရွာအုပ်စု၊ ဖလံကျင်းကျေးရွာ တောင်သူ(၈၈) ဦးတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အမှီပြုကာ ဘဝနေထိုင်ရေးအတွက် လုပ်ကိုင်စားသောက်လျက်ရှိကြပြီး လယ်ယာမြေ သိမ်းဆည်းခံရမှုကြောင့် ဆင်းရဲနွမ်းပါးလျက်ရှိကြကာ အခြားစီးပွားရေးလုပ်ငန်းများဖြင့် အစားထိုး လုပ်ကိုင်စားသောက်နိုင်ရန် ငွေကြေး၊ အရင်းအနှီးများ လိုအပ်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ဖလံကျင်းကျေးရွာ မြေယာသိမ်းဆည်းခြင်းခံရသည့် တောင်သူများ၏ လူမှုစီးပွားဘဝများမြင့်တင်ရေး၊ ဆင်းရဲတွင်းက လွတ်ကင်းရေးတို့အတွက် မြေယာ လျော်ကြေးငွေများ ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပြီးတော့ ကာကွယ်ရေးဝန်ကြီးကိုယ်စား ကျွန်တော် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဖြေကြားမယ့်ဟာကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ မိတ္ထီလာမြို့နယ် ဖလံကျင်းကျေးရွာ မြေယာသိမ်းဆည်းခြင်းခံရသော တောင်သူများ၏ လူမှုရေးဘဝများ မြှင့်တင်ရေး၊ ဆင်းရဲတွင်းမှ လွတ်ကင်းရေးတို့အတွက် မြေယာလျော်ကြေးငွေများပေးအပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တပ်မတော်အနေနဲ့ တစ်ချိန်က နိုင်ငံတော်ကာကွယ်ရေးနဲ့ တပ်မတော်ရဲ့ စွမ်းရည် မြှင့်တင်ရန်အတွက် လိုအပ်တဲ့ တပ်အင်အားတွေကို တိုးချဲ့ဖွဲ့စည်းခြင်း၊ လေ့ကျင့်ရေးကျောင်း၊ လေ့ကျင့်ရေးကွင်းတွေကို တည်ဆောက်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီလို လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ လိုအပ်တဲ့မြေနေရာတွေအတွက် တပ်မြေ သိမ်းဆည်းခြင်းတွေကိုလည်း တစ်ပါတည်း လုပ်ဆောင်ခဲ့ရပါတယ်။ ယခုအခါမှာတော့ နိုင်ငံတော်အကြီးအကဲနဲ့ တပ်မတော်အကြီးအကဲတို့မှလည်း အသုံးပြုရန်မလိုအပ်တော့တဲ့ မြေတွေကို ပြန်လည်စွန့်လွှတ်ပေးဖို့ လမ်းညွှန်ခဲ့တာ ရှိပါတယ်။

အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်နဲ့အညီ တပ်မတော်အနေနဲ့ တပ်နဲ့ပတ်သက်တဲ့ မြေတွေကို စိစစ်ပြီး ဆောင်ရွက်တဲ့အခါမှာ တစ်ချို့မြေတွေကို လုံးဝစွန့်လွှတ်လို့မရတာ ရှိသလို၊ တချို့ကိုလည်း တစ်စိတ်တစ်ဒေသ ပြန်လည်စွန့်လွှတ်ခြင်း ရှိပါတယ်။ နောက် တချို့ကိုတော့ ကျွန်တော် အားလုံး ပြန်လည်စွန့်လွှတ်ခြင်း ဆိုပြီးတော့ အပိုင်း (၃)ပိုင်းနဲ့ ပြန်လည်စွန့်လွှတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ သိမ်းဆည်းထားတဲ့ မြေတွေထဲမှာ အနာဂတ်စီမံကိန်းအတွက်နဲ့ ကျွန်တော်တို့ လေ့ကျင့်ရေးကွင်းတွေကိုတော့ ပြန်လည်စွန့်လွှတ်လို့ မရရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း အဲဒီမြေနေရာမှာ လုပ်ငန်းဆောင်ရွက်ခြင်း မရှိသေးတဲ့ မြေနေရာနဲ့ လေ့ကျင့်ရေးဆောင်ရွက်ခြင်း မရှိတဲ့ အခြေအနေမှာ လွတ်နေတဲ့ မြေနေရာတွေကို လယ်သမားတွေကို အခမဲ့နဲ့ပဲ ကျွန်တော်တို့ ပြန်လည်လုပ်ကိုင်ခွင့် ပေးထားတာမျိုးတွေလည်း ရှိခဲ့ပါတယ်။

အဲဒီလိုလုပ်ကိုင်တဲ့ တောင်သူတွေအနေနဲ့ကတော့ မြေယာစီမံခန့်ခွဲမှုကော်မတီက ထုတ်ပေးတဲ့ ပုံစံ(၃)တို့ ပုံစံ(၇) တို့ ရနိုင်တဲ့အခွင့်အရေး မရှိပေမယ့်လည်း မြေတွေကို အခမဲ့လုပ်ကိုင်ခွင့် ရရှိနိုင်ကြပါတယ်။ တပ်ပိုင်မြေ ဖြစ်တဲ့အတွက် တောင်သူအနေနဲ့ တစ်ဦးကတစ်ဦးကို လွှဲပြောင်းပေးခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း စတာတွေတော့ လုပ်ကိုင်လို့ မရပါဘူး။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် အနေနဲ့ တောင်သူတွေရဲ့ အကျိုးစီးပွားအတွက် မေးမြန်းလာတဲ့အတွက်လည်း ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးထားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်စိစစ်တဲ့အခါမှာ အမြောက်သင်တန်းကျောင်း၏ ပင်မမြေဖြစ်တဲ့ မုန်တိုင်အုပ်စု၊ ဖလံကျင်းကျေးရွာရှိ ကွင်းအမှတ် (၈၁၈) (က)(ခ)၊ (၈၁၉) ရှိ ဦးပိုင်ပေါက် လယ်ယာမြေ (၅၈၅.၆၅) ဧကနဲ့ အခြားမြေ (၃၈၂.၂၁)ဧက ဦးပိုင်မပေါက်သေးသော တိုးချဲ့စိုက်ပျိုးမြေ (၈၅.၅၁) ဧက စုစုပေါင်း (၁၀၅၃.၃၇) ဧကကိုတော့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနဲ့အညီ တပ်ပိုင်မြေသိမ်းဆည်း ဆောင်ရွက်တဲ့အခါမှာ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၂ ခုနှစ် ဇွန်လ ၁ ရက် ရက်စွဲပါစာအမှတ်၊ ၁၁/၅/အခ-၃ ဖြင့် မြေသိမ်းမိန့် ရရှိပြီးဖြစ်ပါတယ်။

တပ်ပိုင်မြေအဖြစ် သိမ်းဆည်းရာမှာ ပါဝင်သွားတဲ့ ဦးပိုင်ပေါက် လယ်ယာမြေ (၅၈၅.၆၅) ဧကအတွင်းမှာတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးအောင် တင်ပြတဲ့ တောင်သူ (၈၈) ဦး၏ လယ်ယာမြေ (၃၆၀.၇၅)ဧက ပါဝင်သဖြင့် စတင်သိမ်းဆည်းစဉ်ကပင် မြေယာ လျော်ကြေးငွေနှင့် နှစ်ရှည်သီးနှံ လျော်ကြေးငွေများကို ထိုစဉ်က နိုင်ငံတော်က သတ်မှတ်တဲ့ လျော်ကြေးငွေ နှုန်းထားအတိုင်း ပေးချေပြီး ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ တပ်ပိုင်မြေအတွင်း အုပ်ချုပ်မှုအဆောက်အအုံနှင့် လူနေအဆောက်အအုံများ ဆောက်လုပ်ထားရှိပြီး ဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမှာ ပါရှိတဲ့မြေတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရရှိပြီးဖြစ်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပြီးတော့ ထိုသို့တပ်ပိုင်မြေ သိမ်းဆည်းရေး ဆောင်ရွက်စဉ်က မြေယာလျော်ကြေးနှင့် သီးနှံလျော်ကြေးများ ထိုစဉ်က သတ်မှတ်နှုန်းထားအတိုင်း ပေးလျော်ခဲ့ပြီးဖြစ်ခြင်း၊ ၎င်းမြေအပေါ်မှာ အုပ်ချုပ်မှုအဆောက်အအုံနှင့် လူနေအဆောက်အအုံများ ဆောက်လုပ်ထားရှိခြင်းဖြစ်လို့ကြောင့် မြေယာလျော်ကြေး ထပ်မံပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် ပြန်လည်လွှဲပြောင်းနိုင်ခြင်း မရှိပါကြောင်း လေးစားစွာ ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်း တိုးမြှင့်ခန့်ထားသည်နှင့်အမျှ ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် အထူးသဖြင့် နယ်စွန်နယ်ဖျား ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင် ရမည့် ဆရာ/ဆရာမများအတွက် လုံခြုံသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်က နိုင်ငံ့ဝန်ထမ်း တိုးမြှင့်ခန့်ထားသည်နှင့်အမျှ ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် အထူးသဖြင့် နယ်စွန်နယ်ဖျား ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ရမည့် ဆရာ/ဆရာမများအတွက် လုံခြုံသောဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းမယ့် မေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းများ တိုးမြှင့်ခန့်ထားသည်နှင့်အမျှ ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် နယ်စွန်နယ်ဖျား ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ရမယ့် ဆရာ/ဆရာမများအတွက် လုံခြုံသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် နဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ဝန်းလုံးမှာ ပြောင်းလဲလာသော ခေတ်စနစ်နဲ့အညီ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကုန်လွန်ပြီးခဲ့တဲ့ အတိတ်ရဲ့သမိုင်းတစ်ခေတ်မှာ တံခါးပိတ်စီးပွားရေးမူဝါဒနှင့် တပ်မတော်အစိုးရခေတ်ကာလတစ်လျှောက် အနောက်နိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့မှုများ (၁၀)စုနှစ် (၂)ခုကျော်တဲ့အထိ ခံစားကြုံရပြီးဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ယှဉ်လိုက်ရင် အဘက်ဘက်က နောက်ကျကျန်ခဲ့ပါတယ်။ ဒီအတွက် ယခုအခါမှာဆိုရင် ခါးသီးမှုများကို ကျော်လွန်ပြီး ခေတ်စနစ်များကိုပါ ပြောင်းလဲဆောင်ရွက်လို့ ပါတီပေါင်းစုံ ပါဝင်တဲ့ ဒီမိုကရေစီစနစ်ကို ပုံဖော်ဆောင်နေပြီ ဖြစ်တာနဲ့အညီ စီးပွားရေးကိုလည်းပဲ ဈေးကွက်စီးပွားရေးစနစ်နဲ့ ကျင့်သုံးပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေပြီ ပဲ ဖြစ်ပါတယ်။

နိမ့်ကျခဲ့တဲ့ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများအတွက်လည်းပဲ UNICEF များ၊ INGO နဲ့ NGO အဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီကိုရယူပြီး အဆင့်တိုးမြှင့်အောင် ဆောင်ရွက်လာ

နေပြီလည်း ဖြစ်ပါတယ်။ နိုင်ငံတော်၏ ဘတ်ဂျက် လျာထားချက်များနှင့် ပတ်သက်ပြီးလည်း မူလ လျာထားချက်များထက် ပိုပြီးတော့ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများမှာ တိုးမြှင့်လျာထားခြင်း များကြောင့် နိုင်ငံတော်တစ်ဝန်းလုံးမှာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဆောက်လုပ် ပေးခြင်းအပြင် လိုအပ်သော ဆေးဝါးများကိုပါ အခမဲ့ပေးနိုင်သည်အထိ နိုင်ငံတော်က ပံ့ပိုးဆောင်ရွက် နေပြီ ဖြစ်ပါတယ်။

အလားတူပဲ ပညာရေးကဏ္ဍမှာလည်းပဲ အဆင့်မြင့်နည်းပညာများရယူပြီး စိတ်ဓာတ်ရေးရာ ပြင်ဆင်ခြင်း၊ သင်ကြားမှုနည်းစနစ်နှင့် သင်ခန်းစာများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်နေပြီ ဖြစ်သလို မူ၊ လယ်၊ ထက် အဆင့်အားလုံးအတွက် လိုအပ်နေတဲ့ သင်ကြားပြသရမယ့် ဆရာ/ဆရာမ များကို တစ်နိုင်ငံလုံး အတိုင်းအတာအတွက် အရေအတွက်ပေါင်းများစွာ ခေါ်ယူခန့်ထား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီ ဖြစ်ခြင်းကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ် နဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်များမှာ တွေ့မြင်နေကြရပြီ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရကို ပြည်သူများရဲ့ကိုယ်စား လွန်စွာမှပဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

သို့ရာတွင်လည်းပဲ အဓိကလိုအပ်ချက်တစ်ခုကို တင်ပြရမယ်ဆိုရင် ယခု နိုင်ငံ့ဝန်ထမ်း များစွာ တိုးမြှင့်ခန့်ထားပေးသည်နှင့်အမျှ မိမိတာဝန်ကျရာ နယ်စွန်နယ်ဖျား၊ ကျေးလက်ဒေသသို့ သွားရောက် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ဝန်ထမ်းများရဲ့ လုံခြုံတဲ့ ဝန်ထမ်းအိမ်ရာများရှိဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ အထူးသဖြင့် တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ တနင်္သာရီမြို့နယ်ဟာ တနင်္သာရီတိုင်း ဒေသကြီးမှာ အကျယ်ဝန်းဆုံးသော မြို့နယ်တစ်ခု ဖြစ်ခဲ့ပါတယ်။ အစဉ်လိုက်အားဖြင့် တောင်နဲ့မြောက် တန်းစီဇယားအတိုင်း တင်ပြရမယ်ဆိုရင် မြောက်ဘက်ဖျားက ရေဖြူမြို့နယ်၊ လောင်းလုံမြို့နယ်၊ ထားဝယ် မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ပုလောမြို့နယ်နဲ့ မြိတ်မြို့နယ်ပြီးတော့ တနင်္သာရီမြို့နယ် ဖြစ်ပါတယ်။ အောက်ဘက်မှာ ဘုတ်ပြင်းမြို့နယ်နဲ့ ကော့သောင်းမြို့နယ်ပဲ ကျန်ပါတယ်။

တနင်္သာရီမြို့နယ်ဟာ မြောက်ဘက် ထားဝယ်မြို့နယ်ရဲ့ မေတ္တာမြို့နယ်အနီးမှာနေပြီးတော့ ပုလောမြို့နယ်နဲ့ မြိတ်မြို့နယ်ကို ဖြတ်ကျော်ပြီးမှ ကျွန်တော်တို့ တောင်ဘက် ဘုတ်ပြင်းမြို့နယ်အထိကို ကျယ်ဝန်းတဲ့ မြို့နယ်တစ်ခုဖြစ်တဲ့အတွက် ဒီမြောက်ဘက် ထားဝယ်မြို့နယ်ရဲ့ မေတ္တာမြို့နယ်နားကနေ ပြီးတော့ သဘော်ဦးကျေးရွာအုပ်စုက တာဝန်ထမ်းနေရတဲ့ ဆရာ/ဆရာမများ၊ ဝန်ထမ်းများဟာ တနင်္သာရီ မြို့ကို လာမယ်ဆိုရင် ပုလောမြို့နယ်နဲ့ မြိတ်မြို့နယ်ကို ဖြတ်ကျော်ပြီးမှ လာရတာဖြစ်တဲ့အတွက် လမ်းခရီး မှာ (၂)ညခန့်လောက် အိပ်ခဲ့ရပါတယ်။ အလားတူပဲ မွန်ငြိမ်းချမ်းရေးဒေသတစ်ခုဖြစ်တဲ့ ချောင်ချိကျေးရွာ ဟာဆိုရင်လည်းပဲ တနင်္သာရီမြို့ကို တာဝန်ကိစ္စများနှင့်လည်းကောင်း၊ လစာများ ထုတ်ယူရန်ကိစ္စအတွက် သော်လည်းကောင်း လာမယ်ဆိုရင် ပြည်တွင်းလမ်းခရီးက လမ်းပေါက်ခြင်းမရှိတဲ့အတွက် တစ်ဘက် နိုင်ငံဖြစ်တဲ့ ထိုင်းနယ်စပ်ကိုကျော်ပြီး မော့တောင်ဂိတ်ပေါက်ကနေပြီးတော့ ပင်ပန်းကြီးစွာ လာခဲ့ကြရ ပါတယ်။

ဒီလိုဝေးလံခေါင်ဖျားဒေသကနေ ပင်ပန်းရှည်လျားစွာ လာခဲ့ရပေမယ့်လည်းပဲ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကသော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့က သော်လည်းကောင်း ဝေးလံခေါင်ဖျားဒေသ လစာခံစားရခြင်းကို သတ်မှတ်ပေးခြင်း မရှိခဲ့တဲ့အတွက် စားဝတ်နေရေးဟာ လွန်စွာမှပဲ ပင်ပန်းကြပ်တည်းလှပါတယ်။ ဆရာမလေးများရဲ့ ဘဝလုံခြုံမှုနဲ့ နေစရာလုံခြုံတဲ့ ဝန်ထမ်း

အိမ်ရာများကိုလည်းပဲ လက်ရှိအခြေအနေမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးတဲ့အတွက် ဒီ ၂၀၁၄-၂၀၁၅ မှာ ခန့်ထားတဲ့ ဆွဲခန့်ဆရာမလေးများဟာ အခု ကျွန်တော် ဒီမေးခွန်းကို တင်ပြတဲ့ (၉) လပိုင်း (၁၁) ရက်နေ့ကာလအထိမှာ (၂၆၅)ဦးခန့်ရှိခဲ့သော်လည်းပဲ (၁၅၀)ကျော်ခန့်သာလျှင် အလုပ်ဝင်ရောက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ကျန်နေသေးတဲ့ (၁၀၀)ကျော်ဟာ အခု ကျွန်တော် တင်ပြသွားတဲ့ စားဝတ်နေရေး အခက်အခဲ၊ ခရီးသွားလာရေး အခက်အခဲ၊ လုံခြုံတဲ့အိမ်ရာ၊ နေအိမ် အခက်အခဲများကြောင့် အလုပ်တာဝန် ဝင်ရောက်ထမ်းဆောင်နိုင်ခြင်း မရှိသေးတာကို တွေ့ရှိနေရတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော် တင်ပြလိုတာက ဒီ ၂၀၁၄-၂၀၁၅ ပညာသင်ကြားရေးနှင့် ဘတ်ဂျက်နှစ်အတွင်းမှာ ဒီ ပညာရေးတာဝန်ကို ထမ်းဆောင်မယ့် ဆရာမလေးများရဲ့ လုံခြုံတဲ့ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးရန် အစီအစဉ်ကို ယခု ဘတ်ဂျက် ၂၀၁၄-၂၀၁၅ မှာ မဆောင်ရွက်ပေးနိုင်သေးတာ တောင်မှ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ကာလမှာ ဦးစားပေးအစီအစဉ် တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြည်သူများရဲ့ကိုယ်စား တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အခြေခံပညာမူလတန်းကျောင်းများတွင် အခြေခံ လူ့ကျင့်ဝတ်၊ ပြည်သူ့နီတိနှင့် သိသင့်သိထိုက်သော လူမှုရေး စည်းမျဉ်းစည်းကမ်းများကို ကျောင်းသင်ရိုးအဖြစ် စတင်သင်ကြားသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှိန် က အခြေခံပညာမူလတန်းကျောင်းများတွင် အခြေခံလူ့ကျင့်ဝတ်၊ ပြည်သူ့နီတိနှင့် သိသင့်သိထိုက်သော လူမှုရေး စည်းမျဉ်းစည်းကမ်းများကို ကျောင်းသင်ရိုးအဖြစ် စတင်သင်ကြားသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးတင်ရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှိန် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ အခြေခံပညာမူလတန်းကျောင်းများတွင် အခြေခံလူ့ကျင့်ဝတ်၊ ပြည်သူ့နီတိနှင့် သိသင့်သိထိုက်သော လူမှုရေး စည်းမျဉ်းစည်းကမ်းများကို ကျောင်းသင်ရိုးအဖြစ် စတင်သင်ကြားသွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်အတွင်းမှာရှိတဲ့ ကျွန်တော် အပါအဝင် ပြည်သူအများစုဟာ နိုင်ငံတော်မှ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို လိုက်နာဆောင်ရွက်မှု အလွန်အားနည်းနေကြောင်း တွေ့ရှိနေရပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလောက အသီးသီးမှာ ကျင်လည်လှုပ်ရှားနေတဲ့ လူအများစုဟာ နိုင်ငံသားတစ်ယောက် လိုက်နာရမယ့် ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများကို

သိရှိလိုက်နာမှု အားနည်းတာကြောင့် မလိုလားအပ်တဲ့ ဖြစ်ရပ်များနဲ့ နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရတဲ့အပြင် ဒီကိစ္စကြောင့် ကိုယ်စိတ်နှစ်ပါး ဒုက္ခဆင်းရဲခြင်းများ ဖြစ်ပေါ်နေကြတာကို တစ်ပြည်လုံး အတိုင်းအတာ အနေနဲ့ အလွန်ပင် များပြားစွာ တွေ့ကြုံနေခဲ့ပါတယ်။ မတူကွဲပြားတဲ့ ခေတ်စနစ်များနဲ့အတူ ငယ်စဉ် ကတည်းက စည်းကမ်းတကျ နေထိုင်ပြီး ကြီးပြင်းလာမှု အားနည်းခဲ့တဲ့အတွက် နိုင်ငံတော်အတွင်း လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်သင့်သလောက် တိုးတက်မှု မရှိခဲ့တာကို လက်တွေ့ကြုံတွေ့ နေရပါတယ်။ စည်းကမ်းလိုက်နာမှု အားနည်းကြတဲ့အတွက် မိမိနိုင်ငံအတွင်းမှာ သူလို ကိုယ်လို ဖြစ်လို့ မသိသာလှသော်လည်းပဲ ပြည်ပနိုင်ငံများကို လုပ်ငန်းရေး၊ ပညာရေး၊ စီးပွားရေးနဲ့ အလည်ပတ်ခရီးများ ထွက်ခွာကြတဲ့အခါများမှာ နိုင်ငံတကာစံနှုန်းနဲ့ မကိုက်ညီတဲ့ ဖြစ်ရပ်များကြောင့် အရှက်ရခဲ့ရ၊ မျက်နှာ ငယ်ခဲ့ရတဲ့ အဖြစ်အပျက်များ အများအပြား ကြုံတွေ့ရတဲ့ သာဓကများ ရှိခဲ့ပါတယ်။ ယင်းကိစ္စရပ် အဓိက အချက်ကို ဆန်းစစ်ကြည့်ရမယ်ဆိုရင် မိမိတို့က ငယ်စဉ်ဘဝ အခြေခံမူလတန်းကျောင်းများတွင် လူ့ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ ပြည်သူ့နီတိ အစရှိတဲ့ သင်ကြားသင်ယူမှု ခံခဲ့ရမှု အားနည်းခဲ့ခြင်းသာလျှင် အရေးကြီးတဲ့ အချက်တစ်ခုဖြစ်ကြောင်း မှတ်သားခဲ့ရပါတယ်။

ခေတ်စနစ် လူနေမှုအခြေအနေများအရ ယခင်က အိမ်ထောင်စုတစ်စုဟာ ဖခင်တစ်ဦးတည်း ဝင်ငွေနဲ့ စားဝတ်နေရေး ပြေလည်အောင် ပြီးဆုံးအောင် ရပ်တည်နိုင်ခဲ့သော်လည်းပဲ အခုအခါ မိသားစုဝင် အားလုံး အလုပ်လုပ်မှ လောက်ငှတဲ့ အိမ်ထောင်စုတွေ ဖြစ်လာတဲ့အတွက် မိဘများဟာ သားသမီးများကို အနီးကပ် ကြီးကြပ်ပြီးတော့ လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်မှု အားနည်းခဲ့ရပါတယ်။ ဒါကြောင့် အခြေခံ ပညာမူလတန်းကျောင်းများမှာ ဆရာ/ဆရာမများအနေနဲ့ မိမိတို့ရဲ့ တပည့်များဖြစ်တဲ့ ကျောင်းသူ/ ကျောင်းသားများကို ကျောင်းပညာ သင်တဲ့အချိန်အတွင်းမှာ လူ့ကျင့်ဝတ်၊ လူ့စည်းကမ်း၊ ပြည်သူ့နီတိနဲ့ အခြားသော လူမှုရေးစည်းကမ်းများကို သင်ကြားပေးမှသာလျှင် နောင်တစ်ချိန် ကျောင်းသား/ကျောင်းသူ များ ကြီးပြင်းလာတဲ့အခါမှာ စည်းကမ်းရှိတဲ့ ဆရာဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ သားသမီးဝတ် စတဲ့ လူ့ကျင့်ဝတ် နားလည်တဲ့ ပြည်သူ့နီတိနဲ့အညီ နေထိုင်တတ်တဲ့ နိုင်ငံသားများ ဖြစ်လာမယ်လို့ ယုံကြည်မိ ပါတယ်။ ဥပမာအချို့ တင်ပြရမယ်ဆိုလို့ရှိရင် ယခုအခါမှာ ရုပ်ရှင်ရုံများမှာ နိုင်ငံတော်သီချင်း ပြီးဆုံးသည် အထိ နိုင်ငံတော်အလံကို အလေးမပြုကြသူများ၊ ကွမ်းတံတွေးများကို နေရာတကာ အလွယ်တကူ ထွေးနေကြသူများ၊ သတ်မှတ်ထားတဲ့နေရာမှာ အမှိုက်မစွန့်ဘဲနဲ့ နီးစပ်ရာ ရေမြောင်း၊ လမ်း၊ မြစ်၊ ချောင်း များမှာ အလွယ်တကူ အမှိုက်စွန့်ပစ်နေသူများ၊ စောင့်ကြပ်သူ မရှိတဲ့နေရာများမှာ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းများကို အလွယ်တကူ ချိုးဖောက်နေသူများကို တွေ့မြင်နေကြပါတယ်။ ကျွန်တော့်အနေဖြင့် စည်းကမ်းများရဲ့ အခြေခံ စတင်ရာသည် အခြေခံမူလတန်းကျောင်းများမှာ ဖြစ်သည်ကို ရိုးသားစွာ ခံယူမိပါတယ်။ အခြေခံပညာကျောင်းများတွင်လည်း အမျိုးသားစည်းကမ်းအစ အခြေခံပညာရေးက ဟူသော ဆိုင်းဘုတ်များ စိုက်ထူထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အခြေခံပညာ မူလတန်းကျောင်းများတွင် အခြေခံလူ့ကျင့်ဝတ် ပြည်သူ့နီတိနဲ့ သိသင့်သိထိုက်သော လူမှုရေး စည်းမျဉ်းစည်းကမ်းများကို ကျောင်းသင်ရိုးအဖြစ် စတင် သင်ကြားပေးသွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို နိုင်ငံတော်နဲ့ ပြည်သူလူထုအကျိုးငှာ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ ပထမ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ တည်ဆောက်ပြုပြင်မှုအတွက် သင်ကြားရေးတွင် လိုအပ်သော စာသင်ဆောင်နှင့် သိပ္ပံဆောင်များကို ဦးစားပေးဆောက်လုပ်ပေးခြင်း ဖြစ်ပါသဖြင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ခြင်းမရှိပါ။ သို့ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစပြီး ဝေးလံခက်ခဲသောဒေသနှင့် အမှန်တကယ်လိုအပ်သော နေရာများ၌ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရေးအတွက် အမှတ်(၁) အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ (၂၃)နေရာ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ (၂၂)နေရာနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ(၄)နေရာတို့ကို ထည့်သွင်းလျာထားတင်ပြပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှန် ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၁၉၉၈ ခုနှစ် ပညာရေးမြှင့်တင်မှု ပထမအဆင့်တွင် ပါဝင်သော မူလတန်းသင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ မူလတန်းအဆင့် ရည်ရွယ်ချက်(၅)ချက် သတ်မှတ်ခဲ့ပါတယ်။ ယင်းတို့အနက်မှ ဒုတိယအချက်တွင် ယဉ်ကျေးသိမ်မွေ့၍ ဝတ္တရားများကို နားလည်သော နိုင်ငံသားကောင်းတစ်ယောက် (Responsible and Civilize Citizen) အဖြစ် ကျင့်သုံးနေထိုင် တတ်စေရန်ဟူ၍ ထည့်သွင်းရေးဆွဲခဲ့ပါသဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ရိုးဝင်ဘာသာရပ်အဖြစ် မူလတန်းအဆင့်တွင် ဆရာလက်စွဲများ ဖြန့်ဝေပြီး ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစ၍ ကိုယ်ကျင့်တရား ကောင်းမွန်လာစေရန်နှင့် ယဉ်ကျေးသိမ်မွေ့၍ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ သင်ကြားပေးလျက်ရှိပါတယ်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် မူလတန်းအတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံကျောင်းများသို့ အခမဲ့ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ မူလတန်းအဆင့်၏ သင်ကြားချိန်မှာ တစ်ပတ် စာသင်ချိန် တစ်ချိန်နှုန်းဖြင့် တစ်နှစ် စာသင်ချိန် (၃၆)ချိန် ဖြစ်ပါတယ်။ သင်ကြားသည့် သင်ခန်းစာများကို နယ်ပယ်(၆)ခု ခွဲခြားထားပါတယ်။ ၎င်းတို့မှာ (က) ဇာတိမာန်နှင့် မျိုးချစ်စိတ်၊

(ခ) ကိုယ်ကျင့်တရား၊ (ဂ) ယဉ်ကျေးမှု၊ (ဃ) တာဝန်၊ (င) ယဉ်ကျေးမှု အလေ့အကျင့်ကောင်းများနှင့် (စ) ဝတ္တုပုံပြင်များ ဖြစ်ပါတယ်။ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစ၍ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့တွင်လည်း စာရိတ္တနှင့် လောကနီတိကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်အဖြစ် တစ်ပတ် စာသင်ချိန် တစ်ချိန်နှုန်းဖြင့် တစ်နှစ် စာသင်ချိန် (၃၆)ချိန်ဖြင့် သတ်မှတ်ပြီး သင်ကြားပေးလျက်ရှိပါတယ်။ စာရိတ္တနှင့် လောကနီတိဘာသာရပ်ကို ကိုယ်ကျင့်တရားနှင့် လောကနီတိ ဟူ၍ နယ်ပယ်နှစ်ခု ပိုင်းခြားထားပါတယ်။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး လိမ္မာယဉ်ကျေး၍ လူမှုရေးအသိစိတ်ဓာတ်များ ရရှိပြီး လူမှုဘဝတွင် အဆင်ပြေစွာ နေထိုင်တတ်ရန် ရည်ရွယ်သင်ကြားပေးလျက်ရှိပါတယ်။

အခြေခံပညာကျောင်းများတွင် လူ့ကျင့်ဝတ် ပြည်သူ့နီတိနှင့် သိသင့်သိထိုက်သော လူမှုရေး စည်းကမ်း စည်းမျဉ်းများနှင့်စပ်လျဉ်းသည့် စာရိတ္တနှင့် ပြည်သူ့နီတိ၊ လောကနီတိကို သီးခြားဘာသာရပ် တစ်ခု သင်ကြားခြင်းအပြင် ဆက်စပ်လျက်ရှိသော မြန်မာစာနှင့် သမိုင်းဘာသာရပ်တို့တွင်လည်း ပေါင်းစပ်သင်ကြားပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ပညာရေး ဒုဝန်ကြီး ဖြေကြားသွားတဲ့ ဖြေကြားချက်နဲ့ပတ်သက်ပြီးတော့ ကောင်းမွန်သော အစီအစဉ်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ဆိုလိုရင်း အဓိကအကြောင်းအချက်ကတော့ ကျွန်တော်တို့ တနင်္သာရီမြို့နယ်ဟာ ဝေးလံခေါင်ဖျားတဲ့ဒေသဖြစ်တဲ့အပြင် နယ်စွန်နယ်ဖျားမှာ ပင်ပန်းခြင်းကြီးစွာဖြင့် တာဝန်သွားထမ်းဆောင်နေရတဲ့ ဆရာမလေးတွေရဲ့ဘဝ လုံခြုံရေးအတွက် သွားလာနေထိုင်ရေး အဆင်ပြေစေရေးအတွက်ကို ဦးစားပေး အစီအစဉ်အနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာကို ပြန်လည်ဖြေကြားပေးစေလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ၂၀၁၅-၂၀၁၆ ကနေစပြီးတော့ အခုမှစပြီးတော့ ထည့်သွင်းခြင်း ဖြစ်ပါတယ်။ တဖြည်းဖြည်းတော့ ဝေးလံခေါင်ပါးတဲ့ဒေသတွေကို တဖြည်းဖြည်း တိုးချဲ့သွားမှာ ဖြစ်ပါတယ်။ လတ်တလောတော့ ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆက်လက် ဆွေးနွေးရန် ဖြစ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၈။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးနေဝင်းထွန်း အနေနှင့် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်ပြဋ္ဌာန်းတဲ့ ယခု ဥပဒေကြမ်းအပေါ်မှာ ဆွေးနွေးသွားချင်တဲ့ အချက်(၃)ချက်ရှိပါတယ်။ (၁)ကတော့ ပုဒ်မ ၂(က) တိုင်းရင်းသားလူမျိုးများ ဆိုတဲ့ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်အပေါ်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး ဆိုတဲ့ ပြည်ထောင်စုအရေး ဦးတည်ချက်တို့ကို အဓိကထားရမှာ ဖြစ်တဲ့အတွက် ပြည်ထောင်စုကြီး မပြိုကွဲမှ၊ ပြည်ထောင်စုကြီး စည်းလုံးမှ တိုင်းပြည်အင်အားရှိမှာ ဖြစ်ပါတယ်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်နိုင်ငံသားများကို ကာကွယ်နိုင်မှာ ဖြစ်တဲ့အတွက် အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်သည် လွန်စွာအရေးကြီးကြောင်း ဦးစွာဆွေးနွေးပြောကြားလိုပါတယ်။

အဆိုပြုပြဋ္ဌာန်းချက်မှာ တိုင်းရင်းသားလူမျိုးများ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးများနှင့် ယင်းတို့၏ မျိုးနွယ်စုများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင် ဟု ဆိုတဲ့အတွက် တိုင်းရင်းသားလူမျိုးများလို့ဆိုရင် ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးများနှင့် ယင်းတို့၏ မျိုးနွယ်စုများ ဖြစ်တယ်လို့ ဆိုထားပါတယ်။

ဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က အတည်ပြုထားတာကတော့ တိုင်းရင်းသားလူမျိုးများ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးများနှင့် မျိုးနွယ်စုများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင် ဆိုပြီး ဖြစ်ပါတယ်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးများနှင့် မျိုးနွယ်စုများဆိုတဲ့အတွက် ကချင်မျိုးနွယ်စုတွေ၊ ကယားရဲ့ မျိုးနွယ်စုတွေ၊ ကရင်ရဲ့ မျိုးနွယ်စုတွေ၊ ချင်းရဲ့မျိုးနွယ်စုတွေလည်း ပါဝင်တယ် ဆိုတဲ့သဘော၊ အဲဒီလို သဘောသက်ရောက်နေပါတယ်။ မျိုးနွယ်စုလို့ ပြောခဲ့ရင် အချို့သော တိုင်းရင်းသားလူမျိုးများက ၎င်းတို့သည် သီးခြားတိုင်းရင်းသားလူမျိုးဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုး တစ်ခုခုမှ ပေါက်ဖွားဆင်းသက်လာခြင်း မဟုတ်ကြောင်း အထောက်အထားနှင့်တကွ ငြင်းဆိုလေ့ရှိတာတွေ တွေ့ကြုံရလျက်ရှိပါတယ်။ သီးခြား တိုင်းရင်းသားလူမျိုး ဖြစ်ပါလျက် တိုင်းရင်းသား လူမျိုးတစ်မျိုးရဲ့ မျိုးနွယ်စုလို့ပြောရင် မနှစ်သက်တတ်ကြပါ။ လက်မခံတတ်ကြပါ။ ဒါဆိုရင် မျိုးနွယ်စုဆိုတာ ဘယ်လောက်ရှိလဲ။ ဘယ်နှစ်မျိုးလဲ။ သက်ဆိုင်ရာက ဘယ်လောက်အထိ စာရင်းပြုစုထားပြီလဲ။ တိကျမှု လိုအပ်ပြီး တကယ်လို့ တိတိကျကျပြုစုထုတ်ပြန်ထားတာ မရှိဘူးဆိုရင် ဒါတွေဟာ အကြောင်းရှိတဲ့အခါမှာ အငြင်းပွားဖွယ်ရာနဲ့ တွေ့ကြုံစေနိုင်ပါတယ်။ ကြီးမားသောအခက်အခဲ ဖြစ်စေနိုင်ပါတယ်။ အဲဒါကြောင့် ကိုယ့်ပြည်ထောင်စုရဲ့ တိုင်းရင်းသားလူမျိုးများစာရင်းကို တိတိကျကျ စာရင်းပြုစုပြီးမှ ယခု ဥပဒေရဲ့ အနက်အဓိပ္ပာယ် ကို ဖွင့်ဆိုနိုင်မှာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ဖြင့် တင်ပြတဲ့အခါမှာတော့ တိုင်းရင်းသားလူမျိုးများ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဥ်ဆက်မပြတ် နေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိထားသော လူမျိုးများ၊ သီးခြားဘာသာစကား၊ သီးခြားယဥ်ကျေးမှု ဓလေ့ထုံးတမ်းများရှိသည့် လူမျိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်ဆိုပြီး ဖြစ်လာတာ တွေ့ရပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ (၁) ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဥ်ဆက်မပြတ် နေထိုင်ခဲ့ခြင်းဆိုတဲ့အချက်၊ (၂) ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးများ ဆိုပြီး လူမျိုးကို တိတိကျကျ ဖော်ပြထားတဲ့ လူမျိုးများပါဝင်တယ် ဆိုတဲ့အချက်၊ (၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိထားသော လူမျိုးများ ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၆ အရ ပြည်ထောင်စုအတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရရှိထားတဲ့ လူမျိုးများ ပါဝင်တယ် ဆိုတဲ့အချက်၊ (၄) တိုင်းဒေသကြီးများရဲ့ ဖွဲ့စည်းပုံမှာ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီး ရရှိထားတဲ့ လူမျိုးတွေ ပါဝင်တယ်ဆိုတဲ့အချက်၊ (၅) ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြပြီး ကိုယ်ပိုင်ယဥ်ကျေးမှု ဓလေ့ထုံးစံ၊ သီးခြားဘာသာစကားရှိတဲ့ လူမျိုးများလည်း ပါဝင်တယ် ဆိုတဲ့ အချက်တို့ကို တွေ့ရပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်ပါအတိုင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းကို လက်ခံမယ်ဆိုရင်တော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိထားသော လူမျိုးများဆိုတဲ့ အနောက်မှာ အပြင် ဆိုတဲ့ စကားရပ်နဲ့ သီးခြားဘာသာစကား၊ သီးခြားယဉ်ကျေးမှု ဓလေ့ထုံးတမ်းများရှိသည့် လူမျိုးများရဲ့ အနောက်မှာလည်း အနောက်မှာလည်း ပါဝင်သည် ဆိုတဲ့ စကားရပ်တို့ကို ပြင်ဆင်ဖြည့်စွက်မယ်ဆိုရင် ပိုမိုရှင်းလင်းပြည့်စုံမည်ဖြစ်ကြောင်း ဆွေးနွေးအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အရဆိုရင် ကိုယ့်ပြည်ထောင်စုသားတွေ စုံသင့်သလောက်တော့ စုံသွားပါတယ်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း အကောင်းဆုံးနီးပါး ဖြစ်သွားပါတယ်။ သို့ရာတွင် ပျောက်ကွယ်လုနီးပါး ရှိနေတယ်ဆိုတဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ ဝေးလံခေါင်းပါးတဲ့နေရာမှာ လူဦးရေအားဖြင့် အနည်းအကျဉ်းသာ ကျန်ရှိနေတဲ့ လူမျိုးစုတွေ ကျန်ရှိခဲ့နိုင်ပါတယ်။ ဒါဆိုရင် ဒီလူတွေ ကိုယ့်တိုင်းရင်းသား မဟုတ်ဘူးလား။ ဒီဥပဒေနဲ့ အကျုံးမဝင်ဘူးလား။ ကိုယ့်မြေပေါ်မှာ ပင်ရင်းနိုင်ငံအဖြစ် အစဉ်တစ်စိုက် နေထိုင်ခဲ့ပြီး ဒီအနက်အဓိပ္ပာယ် ဖွင့်ဆိုချက်အရ တိုင်းရင်းသားလူမျိုးစု တစ်စုစုကြွင်းချန် ကျန်ခဲ့မယ်ဆိုရင် ပြည်ထောင်စုအတွက် စိုးရိမ်ရတဲ့အန္တရာယ် ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသား ဘယ်နှစ်မျိုးရှိသလဲ။ (၁၃၅) မျိုးလား။ မျိုး(၁၃၀)လား။ အမျိုးအမည်နဲ့တကွ အတည်ပြုမှုကို ပထမဆုံးဆောင်ရွက်ရမယ်လို့ ယူဆပါတယ်။ တိုင်းရင်းသားလူမျိုးများစာရင်းကို တိတိကျကျ အဲဒီစာရင်းကို ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုမှု အရင်ဦးစွာ ပြုလုပ်ပြီးမှသာ ဒီဥပဒေကို ပြဋ္ဌာန်းမယ်ဆိုရင် ဝိဝါဒကွဲစရာ၊ စိတ်ဝမ်းကွဲစရာ လိုကွက်ဟာကွက်မရှိ ဖြစ်နိုင်မယ်လို့ ယူဆပါကြောင်း ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်(၂)ကတော့ ပြည်ထောင်စုတိုင်းရင်းသားများရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီး ပုဒ်မ ၄ မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များကို လေ့လာကြည့်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိပြီးတဲ့ အချက်တွေသာဖြစ်ကြောင်း တွေ့ရှိရတယ် ဆိုတဲ့အချက်ဖြစ်ပါတယ်။ ပုဒ်မ ၄ ကတော့ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို မဆန့်ကျင်လျှင် (က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာ၊ သာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ (ခ) မိမိတို့၏ စကား၊ စာပေ တို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့် ရှိသည်။ (ဂ) မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။ (ဃ) မိမိတို့၏ စာပေနှင့် အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ခွင့်၊ ယဉ်ကျေးမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ခွင့် ရှိသည်။ (င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင် ရပိုင်ခွင့် နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။ (စ) အလုပ် ခန့်ထားမှု အပိုင်းတွင် ဝန်ထမ်းအကြီးအကဲနှင့် အခြားဝန်ထမ်းများထားရာ၌ သတ်မှတ်သည့် အရည်အချင်း ပြည့်မီပါက တိုင်းရင်းသားများ ပါဝင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ (ဆ) မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ (ဇ) မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့် ရှိသည်။ (ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သော လူဦးရေရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် မိမိတို့ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့် ရှိသည်။ (ည) ပုဒ်မခွဲ(ဈ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့် ရှိသည်။ တိုင်းရင်းသားလူမျိုးများဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသား လူမျိုးများ ရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့် ပြုရမည်။ (ဋ) မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဥ်များကို ဖော်ထုတ်ခွင့်နှင့် အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခွင့် ရရှိမည်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဟာ ပြည်ထောင်စုကြီးဖြစ်လို့ ပြည်ထောင်စုတိုင်းရင်းသားများ လို့ဆိုရင် ဆိုရပေမယ့် အားလုံးဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများလည်း ဖြစ်ကြပါတယ်။ နိုင်ငံသားများနဲ့ပတ်သက်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)မှာ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များကို ပြဋ္ဌာန်းပေးပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အခြေခံမူများအခန်းမှာလည်း တိုင်းရင်းသားရေးရာ ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာ ပါရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် နိုင်ငံသားများ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ဗမာ၊ မွန်၊ ရခိုင် တောင်ပေါ်နေ၊ မြေပြန့်နေ တိုင်းရင်းသားများအားလုံးကို အကာအကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်များလည်း ဖြစ်ပါတယ်။

ကောက်နုတ်တင်ပြရမယ်ဆိုရင် ပုဒ်မ ၃၄၇ ပါ နိုင်ငံသားများအားလုံးကို တန်းတူညီမျှ အခွင့်အရေးရရှိစေခြင်း၊ ဥပဒေ၏ အကာအကွယ်ကို တန်းတူညီမျှ ရပိုင်ခွင့်ပေးခြင်း၊ ပုဒ်မ ၃၄၈ ပါ နိုင်ငံသားအားလုံး လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဥ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာ ခွဲခြားမှုမရှိစေရခြင်း၊ ပုဒ်မ ၃၄၉ ပါ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှာ (က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊ (ခ) အလုပ်လုပ်ကိုင်မှု၊ (ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ (ဃ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊ (င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ (စ) ဝိဇ္ဇာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှုတို့မှာ တူညီသော အခွင့်အလမ်း ရရှိစေခြင်း။ ပုဒ်မ ၃၅၄ ပါ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်း၊ အခြားဘာသာ၊ သာသနာကိုလည်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဥ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊ ပုဒ်မ ၃၆၅ နိုင်ငံသားတိုင်း မိမိတို့၏ စာပေ၊ ယဥ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဥ်ရမည်ဖြစ်ခြင်း၊ ပုဒ်မ ၃၆၆ ပါ ပညာသင်ကြားပိုင်ခွင့်နှင့် ယဥ်ကျေးမှုကိစ္စရပ်များတွင် လွတ်လပ်စွာ သုတေသနပြုခွင့်ရှိခြင်း၊ ပုဒ်မ ၃၆၇ ပါ ကျန်းမာရေးစောင့်ရှောက်မှု ခံယူပိုင်ခွင့်ရှိခြင်း၊ ဤဥပဒေကြမ်းရဲ့ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် အတူတူပင်ဖြစ်နေခြင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဤဥပဒေကြမ်းပါ ကာကွယ်စောင့်ရှောက်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် ကိုယ့်နိုင်ငံသား၊ ကိုယ့်ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများကို ကာကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် အတူတူပင် ဖြစ်နေခြင်းကို တွေ့ရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်ရဲ့အခြေခံမူများ ပုဒ်မ ၂၂ မှာတော့ နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဥ်ကျေးမှု တို့ကို ဖွံ့ဖြိုးတိုးတက်စေရန်

ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့တွင် ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်လို့လည်း အတိအလင်း ပါရှိပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားများဟာ နိုင်ငံသား ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကိုယ့်နိုင်ငံသား၊ ကိုယ့်တိုင်းရင်းသားများကို အကာအကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းချက်များ ရှိပြီး ဖြစ်သည့်အတွက် ယခုလို တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေအနေနဲ့ ဒါတွေကိုပဲ ပြန်ပြီးပြဋ္ဌာန်းပေးရန် လို/မလို စဉ်းစားရန် ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)မှာ ပြဋ္ဌာန်းချက်များနှင့် တစ်သဘောတည်း ဖြစ်နေပါတယ်။ ဒါကြောင့် နောက်ထပ် ဥပဒေတစ်မျိုးနဲ့ပြဋ္ဌာန်းရန် လို/မလို အလေးအနက် စဉ်းစားပေးကြစေလိုပါတယ်။ ဆန့်ကျင်ကွဲလွဲတာ မဟုတ်သည့်တိုင်အောင် အကိုးအကား ပြုတဲ့နေရာမှာ ဥပဒေနှစ်မျိုးဖြစ်နေလို့ သဘာဝကျ/မကျ၊ သင့်မြတ်လျော်ကန်မှု ရှိ/မရှိ ဆင်ခြင်တွေးတော ပေးစေလိုပါကြောင်း ဆွေးနွေးအပ်ပါတယ်။

(၃)အချက်ကတော့ တိုင်းရင်းသားလူမျိုးများဆိုတဲ့ စကားရပ်ကို ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဆိုတဲ့ စကားရပ်နဲ့ အစားထိုးဖို့ ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသား လူမျိုးများ စုပေါင်းနေထိုင်ပြီး နေထိုင်တဲ့နယ်မြေတွေ စုစည်းပြီး၊ စုပေါင်းပြီး ပြည်ထောင်စုကြီး ဖြစ်လာတာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖြစ်လာတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ကို ကိုလိုနီလက်အောက်ခံဘဝကနေ လွတ်မြောက်ဖို့ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး အသီးသီး လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့ပြီး လွတ်လပ်ရေးရယူဖို့ ဗြိတိသျှနှင့် ညှိနှိုင်းဆွေးနွေးမှု သမိုင်းဖြစ်စဉ်မှာ ကတည်းက တောင်ပေါ် မြေပြန့်မခွဲဘဲ၊ ပြည်နယ် ပြည်မမခွဲခြားဘဲ တိုင်းရင်းသားတွေအားလုံး အတူတကွ ပူးပေါင်းပြီး ပြည်ထောင်စုအဖြစ် လွတ်လပ်ရေး ရယူခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်အမည်သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံ့တပ်မတော်အမည်သည် ပြည်ထောင်စုတပ်မတော် အဲဒါကြောင့် ဤဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းမယ်ဆိုရင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေလို့ အမည်ပေးစေသင့်ကြောင်း အလေးအနက် တင်ပြဆွေးနွေးအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းရင်းသားလို့ပြောရင် ဗမာမပါ၊ ရှမ်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် စသည်တို့သာလျှင် ပါဝင်မယ်လို့ အရိုးစွဲနေတဲ့သူတွေလည်း ရှိပါတယ်။

ဒါကြောင့် ဗမာတစ်ကျပ်၊ ရှမ်းတစ်ကျပ် ညီညီမျှမျှ အခွင့်အရေးပေးဖို့ စတာတွေ ကြားနေရတာ၊ ပြည်မနဲ့ ပြည်နယ်၊ ဗမာလူမျိုးနဲ့ တိုင်းရင်းသားလူမျိုးတွေ တိုးတက်ဖို့ အခွင့်အရေးပေးတာ မညီမျှလို့ တိုင်းရင်းသားလက်နက်ကိုင်အချို့ လက်နက်စွဲကိုင် တိုက်ပွဲဝင်ပြီး ပဋိပက္ခအသွင်ဆောင်တာ ဖြစ်ပါတယ်။ စသည်ဖြင့် ပြည်မနဲ့ ပြည်နယ်အကြား ကွဲပြားတဲ့ အမြင်တွေ၊ အတွေးတွေ ရှိနေတာ ကျွန်တော်တို့ ယနေ့မျက်မှောက်မှာ တွေ့ရှိနေရပါတယ်။ ဒါကြောင့် အားလုံးဟာ ပြည်ထောင်စု တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ ဗမာလည်း ပြည်ထောင်စုတိုင်းရင်းသား၊ ရှမ်းလည်း ပြည်ထောင်စု တိုင်းရင်းသား၊ ကချင်၊ ကရင်၊ ကယား၊ ရခိုင်၊ မွန် စတဲ့တိုင်းရင်းသားလူမျိုးတွေလည်း ပြည်ထောင်စု တိုင်းရင်းသား၊ ဒီ မြေပေါ်မှာ ပင်ရင်းနိုင်ငံအဖြစ် စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြတဲ့ အခြားသော သီးခြား

ယဉ်ကျေးမှု၊ သီးခြားဓလေ့ထုံးတမ်းရှိနေတဲ့ မျိုးနွယ်စုတွေလည်း ပြည်ထောင်စုတိုင်းရင်းသားတွေ ဖြစ်တယ်ဆိုတာ ပေါ်လွင်စေဖို့၊ သိမြင်ခံစားနိုင်စေဖို့ လိုအပ်ပါတယ်။ အဲဒါကြောင့် ဒီဥပဒေကြမ်းမှာ ဥပဒေရဲ့အမည်ကစပြီး တိုင်းရင်းသားလူမျိုးများဆိုတဲ့ စကားရပ်ပါရှိတိုင်း ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဟု ဖြည့်စွက်ပြင်ဆင်ရန် သင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ပြည်ထောင်စုအဆင့်မှာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနဖွဲ့စည်းခြင်း၊ တိုင်းဒေသ သို့မဟုတ် ပြည်နယ်အဆင့်မှာ၊ တိုင်းဒေသ သို့မဟုတ် ပြည်နယ်အစိုးရ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ဖွဲ့စည်းခြင်းကိုတော့ ကြိုဆိုထိုက်ပါ ကြောင်း ဆွေးနွေးလိုပါတယ်။

ဒီနေရာမှာလည်း ဝန်ကြီးဌာနရဲ့ အမည်ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနလို့ ဖြည့်စွက်ရန်သင့်ကြောင်း ဆွေးနွေးအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသား လူမျိုးများ ပေါင်းစည်းထားတဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စု ဆိုတဲ့ စကားရပ်ပါရှိမှ တိကျပြီး ဂုဏ်အင်္ဂါ ပြည့်စုံနိုင်ပါမယ်။ ဒီဥပဒေကို ပြဋ္ဌာန်းတဲ့ ရည်ရွယ်ချက်လည်း ပေါက်မြောက်နိုင်မည် ဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားများ အားလုံး စိတ်ဝမ်းမကွဲဘဲ စည်းလုံးညီညွတ်စွာဖြင့် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးကို အထောက်အကူပြုစေပါမယ်။ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းကိုလည်း အားပြည့်ထောက်ကူစေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဦးတည်ချက်ဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးတို့ကို လက်ဝယ် ပိုင်ပိုင် ထိန်းသိမ်းထားရှိနိုင်မှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ဆွေးနွေးပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၅။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးနဲ့ ကာကွယ် စောင့်ရှောက်ရေး ဥပဒေကြမ်းအပေါ် ကျွန်တော် ခြုံငုံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁)မှာဆိုရင် ကျွန်တော်တို့ အမည်နဲ့ အဓိပ္ပာယ် ဖော်ပြချက် ခေါင်းစဉ်ပါရှိပါတယ်။ အဲဒီမှာ ပုဒ်မ ၂ မှာ တိုင်းရင်းသားလူမျိုးများ ဆိုသည်မှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးများနှင့် မျိုးနွယ်စုများကိုဆိုသည်လို့ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့် ရသူများ၊ ဧည့်နိုင်ငံသားများ မပါဝင်လို့ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်က အဲဒီလိုအတည်ပြုပြီးတော့မှ ကျွန်တော်တို့ဆီကို ပို့ထားတာဖြစ်ပါတယ်။ ဒီပို့ထားတာဆိုရင် ကျွန်တော်တို့တွေ မျိုးနွယ်စုကြီး(၈)မျိုးကိုပဲ အခြေခံပြီး ဖြစ်ပေါ်လာတဲ့သဘော သက်ရောက်နေပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံရှိပါတယ်လို့ပြောပြီးတော့မှ အခြေခံဥပဒေကျမှ တိုင်းရင်းသား(၈)မျိုး အခြေခံပြီး ဖြစ်ပေါ်နေတယ်လို့ ကျွန်တော်တို့ နားလည်သဘော ပေါက်ပါတယ်။ ကျွန်တော်တို့ နာဂတိုင်းရင်းသား လူမျိုးများဟာလည်း သီးခြားမျိုးနွယ်စု ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတွေ ရှိတယ်။ ကျွန်တော်တို့ စာပေတွေ ရှိတယ်။ ဓလေ့ထုံးစံတွေ ရှိတယ်။ ပြီးရင် ကျွန်တော်တို့ရဲ့ ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုတွေကို ထိန်းသိမ်းထားတဲ့ ပြတိုက်တွေလည်း ရှိတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ နိုင်ငံတော်က အသိအမှတ်ပြုပြီးတော့မှ လေ့လာပြီးတော့မှ ကျွန်တော်တို့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။

အခြေခံဥပဒေမှာတော့ ဒီလိုသတ်မှတ်ပေးထားတယ်။ ဒီဥပဒေမှာတော့၊ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပေးလာတဲ့ ဥပဒေမှာတော့ ကျွန်တော်တို့ ပါဝင်လာတာ မတွေ့ရပါဘူးခင်ဗျား။ နောက်တစ်ချက်ကတော့ ပုဒ်မ ၃ မှာတော့ နိုင်ငံတော်သည် တိုင်းရင်းသားပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်သည်လို့ သုံးထားပါတယ်။ ဒါလည်း လူမျိုးကြီး(၈)မျိုးကိုပဲ ရည်ညွှန်းထားတာ ဖြစ်တယ်။ မျိုးနွယ်စုတွေကိုတော့ သူတို့ရဲ့ လက်အောက်ပုံစံမျိုး သုံးနှုန်းထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာစာ နားမလည်လို့လား၊ မြန်မာစာ မတတ်လို့လားတော့မသိဘူး။ ကျွန်တော်တို့ကတော့ ဒီသဘောပဲ သက်ရောက်နေတယ်လို့ ယူဆပါတယ်။ နောက် ဖြစ်သင့်တာကတော့ ကျွန်တော်တို့ အခြေခံဥပဒေနဲ့အညီ တိုင်းရင်းသားလူမျိုး ဆိုသည်မှာ အဓိပ္ပာယ်ဖွင့်မယ်ဆိုရင်တော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းမှာ အမြဲနေထိုင်ခဲ့ကြသော လူမျိုးနွယ်စု ဆိုရင်တော့ ပိုပြီးတော့ အဆင်ပြေမှာပါ။ တန်းတူညီမျှမှု ရှိနိုင်မယ်လို့ ယူဆပါတယ်။ အကြီးအငယ်၊ အနည်းအများ ညီမျှမှုရှိနိုင်မယ်လို့ ကျွန်တော်တို့ ယူဆပါတယ်ခင်ဗျား။ အဲဒီလို မဟုတ်ဘူးဆိုရင်တော့ သဘောထားမတိုက်ဆိုင်မှုတွေ၊ မတူညီမှုတွေ အများကြီးဖြစ်နေမယ်လို့ ကျွန်တော်တို့ ထင်မြင်သုံးသပ်မိပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အဓိကရှေ့တန်းတင်ပြီး စဥ်းစားရမှာ ဖြစ်တဲ့အတွက် ဒီတိုင်းရင်းသားရေးရာ ကျွန်တော်တို့ စိတ်ရှည်လက်ရှည်နဲ့ ဆွေးနွေးပြီး၊ ညှိနှိုင်းပြီး အဖြေရှာမှ အဖြေကောင်းတစ်ခု ရနိုင်မယ်လို့ ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်ခင်ဗျား။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားများရဲ့ အခွင့်အရေး။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ။ ဒါလည်း ကျွန်တော်တို့ အခြေခံဥပဒေမှာ ပါပြီးသားဖြစ်ပါတယ်။ အခြေခံဥပဒေမှာ ပါပြီးသားအချက်တွေပဲ ပါနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီမှာ (ဂ) မှာဆိုရင် ကျွန်တော်တို့ (က)နဲ့ (ခ)ကိုတော့ ကျွန်တော် မဆွေးနွေးလိုပါဘူး။ အခု(ဂ)မှာ ကျွန်တော်တို့ လက်ရှိ ကျွန်တော်တို့ ခံစားနေရတဲ့ အခြေအနေ ဖြစ်နေတဲ့အနေအထားတွေကို နည်းနည်းလေး ထောက်ပြပြီး ကျွန်တော်တို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ (ဂ)မှာဆိုရင် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ ဆောင်ရွက်သော အခမ်းအနားများကို၊ နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်လို့ ကျွန်တော်တို့ ပါပါတယ်။ အဲဒီလို ကျင်းပခွင့်ရှိတာက ကျွန်တော်တို့ နေရာလေးမှာပဲလား။ ဒါမှမဟုတ် ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ ဘယ်နေရာမဆို ကျွန်တော်တို့ ကျင်းပခွင့်ရှိတာလားဆိုတာ ဒါမျိုးကိုလည်း ရှင်းရှင်းလင်း သိဖို့လိုပါတယ်။ အခုအနေအထားအရ ကျွန်တော်တို့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ကျွန်တော်တို့ ခန္တီးမြို့နယ်မှာ ကျွန်တော်တို့ (၂၅)နှစ်ပြည့်ပွဲတော်၊ ငွေရတုပွဲတော် လုပ်မယ်။ အုပ်ချုပ်ခွင့်ရ ဒေသအဖွဲ့ကတော့ လေရှီးမှာ လုပ်မယ်ဆိုတော့ ကျွန်တော်တို့ရဲ့ နာဂတိုင်းရင်းသားတွေရဲ့

ကြားမှာ သဘောထား(၂)မျိုးဖြစ်နေပြီးတော့မှ ပြည်သူလူထု လုပ်မယ့်နေရာနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်း လုပ်မယ့်နေရာ ဒီလိုကွဲပြားနေတာ ရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေတွေ ပေါ်လာတာတော့ ကျွန်တော်တို့ ကြိုဆိုပါတယ်။ ဖြစ်သင့်ပါတယ်။ ဟိုအရင်တစ်ချိန်ကလည်း ကျွန်တော်တို့ ဆွေးနွေးဖူးတဲ့အထဲမှာ ကျွန်တော်တို့ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန ရှိသင့်တယ်လို့ ကျွန်တော်တို့ ပြောခဲ့ပါတယ်။ ရှိလည်းရှိသင့်ပါတယ်။ ဘာလို့ရှိသင့်လဲဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားပေါင်းစုံ နေထိုင်တယ်။ နောက်ပြီးတော့မှ ပြောနေကြတာ ကျွန်တော်တို့ (၁၃၀)၊ (၁၃၅)၊ (၁၀၀)ကျော် ဒီလိုပြောနေကြတယ်။ ဝန်ကြီးဌာန မရှိဘဲနဲ့တော့ တိုင်းရင်းသား လူမျိုးတွေကို ကျွန်တော်တို့က တိတိကျကျနဲ့ ဖော်ထုတ်ပေးမယ့် ဌာနတစ်ခု မရှိနိုင်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ပြည်ထောင်စုသမ္မတရုံးဝန်ကြီး အောက်မှာ ကျွန်တော်တို့ တွဲထားတယ်လို့ သိရပါတယ်။ သိရပေမယ့်လည်း ဒီတိုင်းရင်းသားတွေရဲ့ (၁၃၅)မျိုး၊ (၁၃၀)မျိုး စာရင်းတွေကို ကျွန်တော်တို့ တိတိကျကျ ကျွန်တော်တို့ ထုတ်ပြန်နိုင်တာ မရှိသေးပါဘူး။ ဒီဟာလေးအပေါ်မှာ ဥပမာတစ်ချက်ကလေးနဲ့ ကျွန်တော် ထောက်ပြချင်ပါတယ်။ ဥပမာ - ကျွန်တော်တို့ သန်းခေါင်စာရင်း ကောက်တယ်။ သန်းခေါင်စာရင်း ကောက်တဲ့ အချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတာ သန်း(၆၀)လို့ ပြောတယ်။ ဒါပေမဲ့ လက်တွေ့ ကောက်တဲ့အချိန်မှာ ကျွန်တော်တို့ သန်း(၅၀)ကျော်ပဲရှိတယ်။ ဒီလိုကွဲလွဲမှုတွေ အများကြီးရှိနေတယ်။ ဒီမိုကရေစီခေတ်မှာတော့ ရှိတဲ့အရာကို ရှိတဲ့အတိုင်း ဖြစ်သင့်ပါတယ်လို့ ကျွန်တော် အကြံပြုဆွေးနွေးလို ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အခု ကျွန်တော် အဓိကဆွေးနွေးချင်တာကတော့ ခုနက တိုင်းရင်းသားလူမျိုး ဆိုတဲ့နေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သိထားတာက ဒီ(၁၃၅)မျိုး၊ (၁၃၀)မျိုး ဒီလိုပဲသိတယ်။ တိတိကျကျပြောပါဆိုရင် ကျွန်တော်တို့ မပြောနိုင်ဘူး။ အဲဒီလို ကျွန်တော်တို့ ပြောနိုင်အောင်လည်း ကျွန်တော်တို့ နိုင်ငံတော်အဆင့်ကနေပြီးတော့မှ ထုတ်ပြန်ပြီးတော့မှ ကြေညာ ပေးမှ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေ ဘယ်နှစ်မျိုးရှိတယ်ဆိုတာကို ကျွန်တော်တို့ တိတိကျကျ ပြောနိုင်မှာ ဖြစ်ပါတယ်။ ဒီလို တိတိကျကျ ပြောနိုင်မှ ဒီအခြေခံဥပဒေက ပိုပြီးလေးနက်ခိုင်မာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒီအတိုင်းလည်း ဖြစ်သင့်ပါတယ်လို့ ကျွန်တော် အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၃။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အထူး ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော် လူကြီးမင်းများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေခင်ဗျား။ ကျွန်တော် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ အနေနဲ့ တိုင်းရင်းသားအခွင့်အရေး အကာအကွယ်စောင့်ရှောက်ပေးဖို့အတွက် ရည်ရွယ်ပြဋ္ဌာန်းထားတဲ့

ဒီဥပဒေကြမ်းအပေါ်မှာ ပြင်ဆင်ချက် အချက်(၂)ချက်နဲ့ ခြုံငုံသုံးသပ်ခြင်း အချက်(၁)ချက်အဖြစ် အကျဉ်းချုံးဆွေးနွေး အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပထမအချက်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ဥပဒေကြမ်း အခန်း(၁)ပုဒ်မ ၂(က)မှာ တိုင်းရင်းသားလူမျိုးများ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံတော်အဖြစ် နေထိုင်ခဲ့ကြသော ဆိုတဲ့နေရာမှာ ပိုပြီးတော့ အဓိပ္ပာယ်ပီပီပြင်ပြင် သက်ရောက်စေဖို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံတော်အဖြစ်ဖြင့် အမြဲနေထိုင်ခဲ့ကြသောလို့ အနည်းငယ်ပြင်ဆင် ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယအချက်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ဥပဒေကြမ်း အခန်း(၇) ပုဒ်မ ၂၀ မှာ မည်သူမျှနိုင်ငံရေးကိစ္စအလို့ငှာ ဤဥပဒေပြဋ္ဌာန်းချက်များကို အလွဲသုံးစားမပြုရ ဆိုတဲ့ ဝါကျအထားအသို ထောက်နေသလို ဖြစ်နေတယ်ထင်ရလို့ အဓိပ္ပာယ်ပိုမိုလေးနက်မယ်ထင်တဲ့ မည်သူမျှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စအလို့ငှာ အလွဲသုံးစားခြင်း မပြုလုပ်ရလို့ ရှေ့နောက်အထားအသို ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဤဥပဒေကြမ်းအပေါ်မှာ ခြုံငုံသုံးသပ်ခြင်းအချက်အနေနဲ့ ဤဥပဒေကြမ်းရဲ့အခန်း(၃) တိုင်းရင်းသားလူမျိုးများနဲ့ အခွင့်အရေးနှင့်ရပိုင်ခွင့်များ ဆိုတဲ့ ပုဒ်မ ၄ မှာ ပြဋ္ဌာန်းချက်တွေဟာဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများရဲ့ ပုဒ်မ ၂၂ မှာ အတိအလင်းပါရှိပြီးဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ရဲ့နိုင်ငံသားများရဲ့ အခွင့်အရေးနဲ့ တာဝန်များဆိုတဲ့ ပုဒ်မ ၃၄၇၊ ပုဒ်မ ၃၄၈၊ ၃၄၉၊ ၃၅၄၊ ၃၆၅ နဲ့ ၃၆၆ အပြင် ၃၆၇ တို့မှာ အတိအလင်းပြဋ္ဌာန်းထားပြီးသား ပြဋ္ဌာန်းချက်တွေ ဖြစ်နေတယ်ဆိုတာကို လေ့လာတွေ့ရှိရတဲ့အတွက် တကယ်တော့ ဒီအခြေခံဥပဒေ ပုဒ်မ ပြဋ္ဌာန်းတဲ့အချက်တွေကိုပဲ လက်တွေ့ကျကျ ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက် အသုံးချဖို့ပဲ လိုတယ်လို့ ထင်မြင်ယူဆမိပါတယ် ခင်ဗျား။

နောက်ထပ် ခြုံငုံသုံးသပ်မယ့် အချက်ကတော့ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ဥပဒေကြမ်းဟာ တိုင်းရင်းသားရေးရာဝန်ကြီးတစ်ခု ဖြစ်လာအောင် ဆောင်ရွက်ခြင်းဖြစ်သလို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတစ်ခု ပြဋ္ဌာန်းရန်အတွက် ဖြစ်တယ်လို့လည်း ကျွန်တော် ပုဂ္ဂလိကအနေနဲ့ ယူဆမိပါတယ်။ အဲဒီတိုင်းရင်းသားရေးရာဝန်ကြီးဌာနကြောင့် မြန်မာပြည်မှာ ရှိတဲ့ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းများကဏ္ဍကို ပျောက်သွားနိုင်မလားလို့ မဝံ့မရဲ ပူပန်စိုးရိမ်မှုနဲ့ စိတ်ငြိမ်စွာနဲ့ပဲ သုံးသပ်မိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လေ့လာမှတ်သားမိသလောက် သုံးသပ်ရမယ်ဆိုရင် ဒီဥပဒေကို ပြဋ္ဌာန်းခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများရဲ့ ပုဒ်မ ၈၊ ၉၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၈ နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံရဲ့ ပုဒ်မ ၄၉ တို့နဲ့ ဆန့်ကျင်နေတဲ့အတွက် ဤဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် တိုင်းရင်းသားလူမျိုးများရဲ့အခြေခံ ပြည်နယ် ဒါမှမဟုတ်ရင် ပြည်ထောင်စုပြည်နယ် အဖွဲ့ဝင်မှ အလိုလို သို့တည်းမဟုတ် အလိုအလျောက် အာဏာသိမ်းယူခြင်းနဲ့ တူတယ်လို့ ထင်မြင်ယူဆမိပါတယ်ခင်ဗျား။ အဲဒီ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖွဲ့စည်းရန်

မည်သည့်ဥပဒေပုဒ်မဖြင့် ကိုးကားရန်ပြသပြီးတော့ ဖွဲ့စည်းကြောင်းမပါ၊ မတွေ့ရှိရတဲ့အတွက်ကြောင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေသလို ယူဆမိပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီဥပဒေကြမ်းအပေါ်မှာ ကန့်ကွက်ခြင်း မဟုတ်ပါခင်ဗျား။ သို့သော် ဤဥပဒေပါ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို ပြဋ္ဌာန်းမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတည်အလင်း ပြဋ္ဌာန်းပြီးမှသာလျှင် ဆက်လက်ပြဋ္ဌာန်းသင့်ပါကြောင်း သုံးသပ်အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၈။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ အေးချမ်းကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်မ ဒီဥပဒေကြမ်းကို မနေ့က သူများတွေ ဆွေးနွေးတော့ ကျွန်မ မဆွေးနွေးရတော့ဘူးဆိုပြီး တော်တော်လေး စိတ်ထဲမှာ စိတ်မကောင်း ဖြစ်ပါတယ်။ နောက် ဥပဒေပြုမဏ္ဍိုင်မှာ တကယ်တာဝန်ထမ်းဆောင်နေတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့လည်း တာဝန်မကျေပွန်တော့ဘူးလို့ စိတ်ထဲမှာ ကျွန်မအောက်မေ့မိတယ်။ သို့သော်လည်း ကျွန်မတို့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ ကျန်တဲ့လူတွေထပ်ပြီးတော့ ဆွေးနွေးလို့ရတယ်ဆိုတော့ အများကြီး ကျေးဇူးလည်း တင်၊ ဝမ်းလည်းသာပါတယ်။

စောစောကပဲ ကျွန်မတို့ ဦးစောအောင်ကျော်နိုင် ပြောသွားတဲ့စကားထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မကိုက်ညီတဲ့ အတွက်ကြောင့်မို့လို့ ပြောသွားပါတယ်။ အဲဒီတော့ ကျွန်မအဲဒီဟာလေး ကိုတော့ အရင်ရှင်းပြချင်ပါတယ်။ ဘာလဲဆိုတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)မှာပဲ အခြေခံမူများမှာပဲ ၂၁(က)ကနေပြီးတော့ (က)၊ (ဂ)၊ (ဃ) သုံးခုပါပါတယ်။ အဲဒီ(၃)ခုထဲမှာ အမှန်ကတော့ (က)လည်း ဘောင်ဝင်တယ်။ (ဂ) လည်း ဘောင်ဝင်တယ်။ နောက်တစ်ခါ (ဃ) ကဆိုရင်တော့ တိုက်ရိုက်ကို ပတ်သက်ပါတယ်။ အဲဒါလေးကို လွှတ်တော်ကိုယ်စားလှယ်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အရင် ပြဋ္ဌာန်းပြီးမှသာလျှင် ပြဋ္ဌာန်းသင့်တယ်ဆိုတော့ ကျွန်မအဲဒါလေးကို နည်းနည်း ဖတ်ပြခြင်း ဖြစ်ပါတယ်။ အဲဒါကတော့ ဘာလဲဆိုတဲ့အခါကျတော့ ၂၁(က)က နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှ အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးကို ခံစားခွင့်ရှိသည်လို့ ပါ ပါတယ်။ နောက်(ဂ)ကတော့ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည် လို့ ပါပါတယ်။ (ဃ) ကတော့ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းရမည်လို့ အဲဒီလို ပါ ပါတယ်။

အဲဒီတော့ ကျွန်မတို့လိုအပ်လို့ရှိရင် လိုအပ်သလို ဥပဒေတွေ ပြဋ္ဌာန်းပေးဖို့ ဒါဟာ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားပြီးသား ဖြစ်ပါတယ်။ အဲဒါကြောင့်မို့သာလျှင် ကျွန်မတို့ အမျိုးသမီး

တွေနဲ့ပတ်သက်တဲ့ ဥပဒေတွေ၊ နောက်တစ်ခါ လယ်သမားတွေနဲ့ပတ်သက်တဲ့ ဥပဒေတွေ၊ နောက်တစ်ခါ အလုပ်သမားတွေနဲ့ပတ်သက်တဲ့ ဥပဒေတွေ ဒီဟာက အခြေခံမူ၊ ဒီကျွန်မတို့ Mother Law တွေ အမိက ဖွဲ့စည်းပုံအခြေခံဥပဒေတွေရဲ့အောက်မှာ ပြည်သူလူထုအတွက်၊ အလွှာအသီးသီးအတွက် လိုအပ်တဲ့ဟာ တွေကို ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်ကနေပြီးတော့မှ တာဝန်ယူပြီးတော့မှ၊ စိစစ်ပြီးတော့ ပြဋ္ဌာန်းပေးဖို့ ကျွန်မတို့ကို နဂိုကတည်းက နိုင်ငံတော်က ခွင့်ပြုထားပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဥပဒေပြု မဏ္ဍိုင်မှာ ပါဝင်ပြီးဆောင်ရွက်လိုတဲ့၊ နေတဲ့ လူတွေအနေနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ကျွန်မတို့ သစ္စာဆို ကတည်းက၊ ကျွန်မတို့ သစ္စာပြုကတည်းက ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက် ဖို့၊ နောက် တည်ဆဲမြန်မာနိုင်ငံရဲ့ ဥပဒေတွေကို လေးစားလိုက်နာဖို့ဆိုပြီး ကျွန်မတို့က တစ်ခါတည်း သစ္စာပြုထားပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ တိုင်းရင်းသားရေးရာနဲ့ ပတ်သက်တာက ကျွန်မတို့ တို့တာဝန်အရေး(၃)ပါး မှာလည်းပါတယ်။ နောက် ကျွန်မတို့ သစ္စာဆိုတုန်း ကလည်း ပါတယ်။ ကျန်တဲ့ ဥပဒေနဲ့ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပါထားပြီးသားပါ။ အဲဒါဘာလဲဆိုတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဆိုပြီးတော့ ကျွန်မတို့တာဝန်တွေ ဖြစ်ပါ တယ်။

အဲဒီအပြင်မှ ကျွန်မတို့က ဥပဒေပြုမဏ္ဍိုင်မှာ ပါတဲ့အခါကျတော့ ထပ်ပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြည်ထောင်စုမပြိုကွဲရေး၊ ကျွန်မတို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့ ထပ်ပြီးတော့ ပါလာပါတယ်။ ကျွန်မ ဟိုတလောကပဲ ဆောင်းပါးတစ်ခုမှာ ဖတ်ရပါတယ်။ ကိုလိုနီ၊ ကိုလိုနီ ဆိုတာ မေ့ပစ်သင့်ပြီ။ သူများနိုင်ငံမှာဆိုရင် မေ့ပစ်တယ်လို့ ပြောတယ်။ ကျွန်မတို့လည်း မမေ့သင့်ဘူး၊ မေ့သင့်တယ်လို့ မပြောသင့်ဘူး။ သို့သော်လည်း အတိတ်ဆိုတာ ပစ္စုပ္ပန်ရဲ့ဆရာ ဖြစ်ပြီးတော့ ပစ္စုပ္ပန် ဆိုတာ အနာဂတ်ရဲ့ဗိသုကာ ဖြစ်တယ်ဆိုတာကို မမေ့ဖို့တော့ လိုအပ်ပါတယ်။ ကျွန်မတို့က ဆွေးနွေးမယ်၊ အဆိုတွေတင်မယ် ဆိုတဲ့အခါမှာ ကျွန်မတို့က ပါးပါးနပ်နပ်နဲ့ ကိုယ်ပြောမယ့်၊ ဆိုမယ့်၊ ကိုယ်လေ့လာမယ့်၊ ဆွေးနွေးမယ့်ဟာအတွက်ကိုလည်း ကျွန်မတို့က လေ့လာထားသင့်တယ်လို့ ကျွန်မတော့အဲဒီလို ယုံကြည် ပါတယ်။ အဲဒီတော့ကာ ကျွန်မတို့က ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆိုရင် ကျွန်မတို့ ပုဒ်မ ၂၂(က)အရ ဒါကို ခွင့်ပြုထားပြီးသား ဖြစ်ပါတယ်။ နောက်တစ်ခါ ကျတော့ ပုဒ်မ ၄၈ မှာလည်း ကျွန်မတို့ နောက်ထပ် ထပ်ပြီးတော့ ဥပဒေတွေ ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် ဒီ အခြေခံမူထဲက ဟာတွေကို ယူပြီးမှ အခြေခံထားပြီး တော့မှ ပြဋ္ဌာန်းရမယ်လို့ ဆိုထားပြီးသားပါ။ အဓိပ္ပာယ်တွေလည်း ဖွင့်ဆိုထားပြီးသား ရှိခဲ့ပါတယ်။

အဲဒီတော့ ကျွန်မတို့ရဲ့ လွှတ်တော်သက်တမ်းဟာ (၅)နှစ်ဖြစ်ပါတယ်။ အဲဒီ(၅)နှစ်မှာ ကျွန်မတို့က (၄)နှစ် ကုန်ပြီအခါကျတော့ နောက်တစ်နှစ်ပဲ ကျန်ပါတော့တယ်။ အဲဒီကျန်တဲ့အချိန်မှာ ကျွန်မတို့က တာဝန်ကျေစွာနဲ့ ပြည်သူလူထုတွေအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်း၊ စွမ်းအားရှိသမျှတွေနဲ့ ကျွန်မတို့က လိုအပ်တဲ့ ဥပဒေတွေကို အလွှာအသီးသီးအတွက် တောင်သူလယ်သမားတွေအတွက်၊ အလုပ်သမားတွေအတွက်၊ အမျိုးသမီးတွေအတွက်၊ လူငယ်တွေအတွက်၊ တိုင်းရင်းသားတွေအတွက် တိုင်းရင်းသား ဆိုတဲ့အခါမှ အခုပြောသလိုပဲ ကျွန်မလည်း တစ်ခုတော့ ထောက်ခံပါတယ်။ ဘာလဲဆိုတဲ့ အခါကျတော့ တိုင်းရင်းသားဆိုတဲ့ စကားရပ်ထက် ပြည်ထောင်စုတိုင်းရင်းသားများ ဆိုတဲ့ စကားရပ် ကတော့ ပိုပြီးတော့ ရှေ့ကနေ ပြည်ထောင်စုတစ်လုံး ထည့်လိုက်ခြင်းအားဖြင့် ပိုပြီးတော့ တကယ် ထိရောက်တယ်၊ ခိုင်မာတယ်၊ ပြတ်သားတယ်၊ ကျယ်ပြန့်တယ်၊ ပိုပြီးတော့လည်း စည်းလုံးညီညွတ်တဲ့

သဘောကိုပြတဲ့အတွက် အဲဒီပြည်ထောင်စုတိုင်းရင်းသားများ ဆိုတဲ့ဟာကိုတော့ ကျွန်မကလည်း အဲဒီ စကားရပ်ကို ထောက်ခံပါတယ်။

ကျွန်မ ပုဒ်မတစ်ခုချင်းအနေနဲ့ ပြောမသွားဘဲနဲ့ ကျွန်မ ခြုံငုံပြီးတော့ ဆွေးနွေးပါရစေ။ ဘာလို့လဲဆိုတဲ့အခါကျတော့ ဒီမှာအခုပြောသွားတယ်။ တိုင်းရင်းသားက နိုင်ငံသားပဲ။ ဟုတ်ပါတယ်။ တိုင်းရင်းသားက နိုင်ငံသားဖြစ်သော်ငြားလည်း နိုင်ငံသားတိုင်းက တိုင်းရင်းသား မဖြစ်ပါဘူး။ အဲဒီတော့ ကျွန်မတို့က အလွှာတိုင်းအတွက် ဥပဒေတွေ၊ ဆွေးနွေးပြီးတဲ့အခါကျတော့မှ ကျွန်မတို့ ညှိနှိုင်းကြတယ်၊ တိုင်ပင်ကြတယ်၊ ဆွေးနွေးကြတယ်၊ တင်ပြဆုံးဖြတ်ကြတဲ့အခါမှာ ကျွန်မတို့က လိုအပ်ရင် လိုအပ်သလို ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် ပြည်ထောင်စုတိုင်းရင်းသားတွေ အတွက်ကလည်း ကျွန်မတို့ ၂၀၀၈ ဖွဲ့စည်းပုံကို ပြနေလို့မဖြစ်ပါဘူး။ အစောကပြောသလိုပဲ ကျွန်မတို့ ဟိုတစ်နေ့ကပဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားပါတယ်။ မျိုးနွယ်စုတိုင်း၊ မျိုးနွယ်စုတိုင်းမှာ ကျွန်မတို့ တိုင်းရင်းသား လူမျိုးတိုင်းမှာ၊ လူမျိုးတိုင်းမှာ သူတို့ရဲ့ ပိုင်ဆိုင်တဲ့ စကားတွေ၊ ရိုးရာဓလေ့တွေ၊ ယဉ်ကျေးမှုတွေ စသည်ဖြင့် အကုန်လုံး ရှေးဟောင်းအမွေအနှစ်တွေ၊ သမိုင်းကြောင်းတွေ အဲဒါမျိုးတွေ ရှိပါတယ်။

ရှိတယ်ဆိုတဲ့အခါကျတော့ ကျွန်မတို့က အဲဒါကိုအသေးစိတ်ထုတ်ဖော်ပြီးတော့မှ စနစ်တကျ နဲ့ အသေးစိတ်ပြဋ္ဌာန်းထားတာ မဟုတ်တဲ့အတွက် သူက အပေါ်က အကြမ်းပဲ။ တကယ်တမ်းကျတော့ ဒီ အတိုင်းပဲ တိုင်းရင်းသားမျိုးနွယ်စုအတွက် စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ လုပ်ပေးဖို့လိုအပ်တယ်။ သူတို့ အတွက် ဖွံ့ဖြိုးတိုးတက်ဖို့၊ ထိန်းသိမ်းဖို့၊ နောက်တစ်ခါ WEIPO တွေ၊ UNESCO တွေမှာ ပါသင့်တယ် ဆိုလည်း ပါဖို့။ အဲဒါကျတော့ ယဉ်ကျေးမှုဝန်ကြီးဌာနမှာ ရှိတယ်။ သို့သော်ငြားလည်း ကျွန်မတို့က ကိုယ့်တိုင်းရင်းသားမျိုးနွယ်စုအလိုက် တန်ဖိုးထား မြတ်နိုးသင့်တဲ့ဟာတွေကို ဖော်ထုတ်တာ၊ တန်ဖိုး ထားတာ၊ ကာကွယ်တာ၊ ထိန်းသိမ်းတာ၊ စောင့်ရှောက်တာ အဲဒါတွေဟာလည်း အားလုံးမှာ တာဝန်ရှိ တာပဲ။ တာဝန်ရှိတာပဲ ဆိုတော့ အခု ဒီဟာကို ကျွန်မကြည့်လိုက်တဲ့အချိန်မှာ ဒါတွေဟာ မည်သည့်နည်းနဲ့ မဆို ဖြစ်သင့်တယ်ဟာတွေပဲလို့ ကျွန်မတော့ အဲဒီလို ယုံကြည်ပါတယ်။

နောက်ဖြစ်သင့်တဲ့ဟာတွေဖြစ်တဲ့အပြင် ကျွန်မတို့က ဒီ(၅)နှစ်သက်တမ်းမှာ လိုအပ်တာတွေ ကို လိုအပ်သလို ပြည်သူလူထုနဲ့ သဟဇာတဖြစ်အောင်၊ အခြေအနေနဲ့ သဟဇာတဖြစ်အောင်၊ အချိန် အခါနဲ့ တကယ်လိုက်လျောညီထွေရှိအောင် ကျွန်မတို့က ကာလ၊ ဒေသ၊ အင်္ဂါ၊ ခနဲ လိုက်ပြီးတော့ ကျွန်မတို့ တွေ လိုက်ပြီးတော့ ဆောင်ရွက်သင့်တယ်လို့ ကျွန်မတို့ အဲဒီလို ယုံကြည်ပါတယ်။ နိုင်ငံသားတိုင်းဟာ တိုင်းရင်းသားမဟုတ်ပေမဲ့ တိုင်းရင်းသားတိုင်းဟာ နိုင်ငံသားဟုတ်တာ ဟုတ်ပါတယ်။ အဲဒီတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံသားဆိုတဲ့ အသုံးအနှုန်းသည် နိုင်ငံတော်မှာ မှီတင်းနေထိုင်ကြတဲ့သူ အားလုံးအကုန်ပါတယ်။ သို့သော်ငြားလည်း အဲဒီအားလုံးအကုန်သည် ကျွန်မတို့ တိုင်းရင်းသားတော့ မဟုတ်ဘူး။ အဲဒီတော့ အဲဒီတိုင်းရင်းသားနဲ့ နိုင်ငံသားကလည်း ကျွန်မတို့ ၁၉၈၂ ခုနှစ် ဥပဒေမှာ ပါပြီးသား ဖြစ်ပါတယ်။ အဲဒီကျတော့ ဒါကတော့ ခွဲခြားထားတာ မဟုတ်သော်ငြားလည်း စည်းမျဉ်း စည်းကမ်းနဲ့၊ စနစ်တကျနဲ့ သူ့ဟာသူ ရှိသင့်ရှိထိုက်သည့် ဥပဒေတစ်ရပ်သည် နိုင်ငံတစ်ခု မှာရှိတယ်ဆိုလို့ ရှိရင် စနစ်တကျနဲ့ စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ ဖွံ့ဖြိုးအောင်၊ တိုးတက်အောင် ဆောင်ရွက်ပေးလို့ လွယ်ကူမယ်လို့ ကျွန်မက အဲဒီလို ထင်ပါတယ်။ အဲဒီတော့ တစ်ခုကို ကျွန်မတို့က ပံ့ပိုးချင်တယ်။ နောက်ပြီး တဲ့အခါကျတော့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးချင်တယ်ဆိုရင် အဲဒီမှာအားနည်းချက် ဘာရှိလဲ။ အားသာ

ချက်က ဘာရှိလဲဆိုရင် ဘယ်ဟာက ဘယ်လိုရှိတယ်ဆိုတာ သိမှသာလျှင် အဲဒီတွေ့ရှိချက်၊ သိတဲ့အပေါ်မှာ ကျွန်မတို့က ပထမရှာဖွေရမယ်။ နောက်ကျတော့ တွေ့ရှိမယ်။ တွေ့တဲ့အခါမှာ ကျွန်မတို့က လေ့လာမယ်။ သုံးသပ်မယ်။ အဲဒီလေ့လာသုံးသပ်ပြီး ဝေဖန်ဆုံးဖြတ်ပြီးတော့မှ၊ ဝေဖန်ပိုင်းခြားပြီးတော့မှ ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ချက်က နောက်က လိုက်ရမှာဖြစ်တဲ့အတွက် ကျွန်မကတော့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ဆိုပါတော့။ ဒါကတော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တော်တော်များများလည်း ပြောပြီးသားပါ။ ပြည်ထောင်စုကို ရှေ့ကနေပြီးတော့၊ တိုင်းရင်းသားလူမျိုးများ၏ ရှေ့ကနေပြီးတော့ ထည့်သင့်တယ်ဆိုတာ၊ ကျွန်မလည်း အဲဒါကို ရာနှုန်းပြည့် ထောက်ခံပါတယ်။ဘာလို့လဲဆိုတော့ ကျွန်မတို့နေရာတိုင်းမှာ ပြည်ထောင်စု၊ ပြည်ထောင်စု၊ ပြည်ထောင်စုသည် ကျွန်မတို့အတွက် အင်မတန်အဖိုးတန်တဲ့ စကားလုံး၊ စကားရပ် အဓိပ္ပာယ်နဲ့ ပြည့်ဝတဲ့ စကားရပ်ဖြစ်တဲ့အတွက် အဲဒီ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေလို့ တပ်သင့်တယ် ဆိုပြီးတဲ့အခါမှာ ခေါင်းစဉ်ကို ဆွေးနွေးထားတာတွေကို ကျွန်မက ထောက်ခံပါတယ်။

နောက်ပြီးတဲ့အခါကျတော့ ကျွန်မတို့ ဥပဒေတွေနဲ့ပတ်သက်လို့ ဖွဲ့စည်းပုံမှာလည်း ကျွန်မတို့က ခွင့်ပြုထားတယ်။ နောက်တစ်ခါ ကျွန်မတို့ တို့တာဝန်အရေး(၃)ပါးမှာလည်းပါတယ်။ နောက်တစ်ခါကျတော့ ကျွန်မတို့ ဦးတည်ချက်တွေရှိတဲ့အခါမှာ လူမှုရေးဦးတည်ချက်မှာလည်း ကျွန်မတို့က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနဲ့ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတာ အဲဒီဟာက ကျွန်မတို့ လူမှုရေးဦးတည်ချက်ဖြစ်ပင် ဖြစ်ငြားသော်လည်း အခု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေသာ ထွက်တယ်ဆိုရင် ဒီ လူမှုရေးဦးတည်ချက်ထဲက ရည်ရွယ်ချက်တွေကို ကျွန်မတို့က အကောင်အထည် အပြည့်အဝဖော်နိုင်လိမ့်မယ်လို့ ကျွန်မ အဲဒီလို ယုံကြည်ပါတယ်။

နောက်တစ်ခါ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဆိုတာလည်း အဲဒီမှာ ထည့်ထားတာပါပါတယ်။ ထည့်ထားတော့ ကျွန်မတို့ ဒီ ဥပဒေကြမ်းကော်မတီကနေပြီးမှ ပြင်ဆင်ထားတဲ့အထဲမှာအဲဒါ ပါပါတယ်။ အဲဒါပါတယ်ဆိုတော့ သူတို့ကတော့ ရိုးရိုးပဲထည့်ထားတယ်။ သို့သော်လည်း ကျွန်မတို့ကဘက်ကနေပြီးတော့ စစ်မှန်သောလို့ ဆိုတဲ့ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဆိုပြီးတော့ ထည့်ထားတယ်။ အဲဒါကိုလည်း ကျွန်မအနေနဲ့ ကြိုဆိုပြီးတဲ့အခါကျတော့မှ ထောက်ခံပါတယ်။

အဲဒါကြောင့်မို့လည်း နောက်ဆုံး ပြောချင်တာကတော့ ကျွန်မတို့ (၅)နှစ်သက်တမ်းမှာ ကျွန်မတို့ တာဝန်တွေ ကျေချင်ပါတယ်။ နောက် စီမံခန့်ခွဲရေးကောင်းကောင်းနဲ့ တကယ်ပြည်ထောင်စု တိုင်းရင်းသားအားလုံးရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အကုန်လုံးကို ကျွန်မတို့က တတ်နိုင်တဲ့ဘက်ကနေပြီးတော့ ပံ့ပိုးဆောင်ရွက်ပေးချင်ပါတယ်။ အဲဒီအတွက် ကျွန်မတို့က ဥပဒေပြုရေးမဏ္ဍိုင်မှာ တာဝန်ရှိတဲ့လူတွေအနေနဲ့ ကျွန်မတို့ဥပဒေပြုခြင်းအားဖြင့် ကျွန်မတို့ တိုင်းပြည်နဲ့ လူမျိုးကို ကျွန်မတို့ရဲ့ အလုပ်အကျွေး ပြုချင်ပါတယ်။ အဲဒီတော့ အခု ဒီဥပဒေကို ကျွန်မကတော့ ဖြစ်သင့်တယ်လို့၊ တကယ်ပြဋ္ဌာန်းသင့်တယ်လို့ ရာနှုန်းပြည့်ထောက်ခံရင်းနဲ့ ကျွန်မ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဌ။** ။ ဒီဥပဒေက အရေးကြီးတဲ့အတွက် နည်းနည်းလေး ရှင်းပြပါမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဥပဒေပြဌာန်းရမယ်လို့ မပါသော်လည်း ပြဌာန်းနိုင်ပါတယ်။ အခြေခံဥပဒေနဲ့ မဆန့်ကျင်ပါဘူး။ နောက်တစ်ခုက တိုင်းရင်းသားရေးရာဝန်ကြီးဌာနဖွဲ့လို့ အာဏာသိမ်းလိုက်တဲ့ဥစ္စာ မဟုတ်ပါဘူး။ တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတွေ လုပ်ပိုင်ခွင့် ပိုမို ရရှိစေဖို့ကိစ္စ အဓိကပါပဲ။ အဲဒီတော့ ဒီမှာ တိုင်းရင်းသားလူမျိုး ဆိုသည်မှာ ဗမာလည်း တိုင်းရင်းသားပဲ။ အဲဒီတော့ ဒါကို ဟုတ်လား အမျိုးသားလွှတ်တော်က တိုင်းရင်းသားဝန်ကြီးဌာန ကိစ္စအဆိုကို ပယ်ချ လိုက်တဲ့အခါမှာ ပြန်လျော့ကြေးပေးတဲ့အနေနဲ့ ပြည်သူ့လွှတ်တော်က ပြန်လုပ်လာတဲ့ကိစ္စ။ ဒါရှင်းပြပြီးပြီ။ တိုင်းရင်းသားချင်း အတူတူပဲ။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ဆိုပြီးတော့ ရေးတဲ့အခါမှာ၊ ပထမ ရေးစရာ မရှိတဲ့ အခါကျတော့ အခြေခံဥပဒေထဲက ပုဒ်မတွေ ကူးထည့်တော့။ ဥပဒေက ပွသွားတာပေါ့။ အခြေခံဥပဒေထဲက ပုဒ်မတွေ ကူးထည့်တာတွေ ဖြုတ်လိုက်ဖို့ လိုပါတယ်။ ဖြုတ်လိုက်လို့ရှိရင် ဘာပေါ် လာမလဲ ဆိုတော့ လူနည်းစုပေါ့။ လူဦးရေနည်းပါးသော ဒီလိုသုံးရမယ်။ လူဦးရေနည်းပါးသော တိုင်းရင်းသား။ အဲဒီတော့မှ တိုင်းရင်းသား အချင်းချင်းမှာ ဘာလဲဆိုတာကို ဘယ်သူ့အကျိုးကို လုပ်မှာလဲ။ လူဦးရေနည်းပါးသော တိုင်းရင်းသား။ ကွယ်ပျောက်လုနီးပါး တိုင်းရင်းသား။ ဒါတွေရဲ့ အကျိုးကို လုပ်ဖို့လိုတယ်။

ဒီမှာ တစ်ခုသတိပေးချင်တာက မြန်မာနိုင်ငံမှာ လူမျိုးကြီး၊ လူမျိုးငယ် ဆိုတာ မရှိဘူး။ ဒါ ဗိုလ်ချုပ်အောင်ဆန်း တို့ ပြောခဲ့တာရှိတယ်။ ကမ္ဘာမှာ လူမျိုးကြီးနဲ့ လူမျိုးငယ်ကို ဘယ်လိုခွဲလည်းဆိုရင် လူမျိုးကြီး ဦးရေရဲ့(၅)ရာခိုင်နှုန်းရှိမှ လူမျိုးငယ်။ ဒီစံနဲ့တိုင်းလို့ရှိရင် တို့နိုင်ငံမှာလူမျိုးကြီး၊ လူမျိုးငယ် မရှိဘူး ဒီလိုပြောခဲ့တဲ့ မိန့်ခွန်းရှိတယ်။ အဲဒီတော့ တိုင်းရင်းသားအားလုံးဟာ နေရာဒေသအားလုံးမှာ အတူတကွ လက်တွဲပြီးတော့ အေးအတူပူအမျှ နေထိုင်ကြတယ်။ နေထိုင်ကြတဲ့အခါမှာ လူဦးရေ နည်းပါးတဲ့ တိုင်းရင်းသားတွေကို အားလုံးက ဝိုင်းဝန်းစောင့်ရှောက်ရမယ်။ ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ တိုင်းရင်းသားတွေကို ဝိုင်းဝန်းစောင့်ရှောက်ရမယ်။ တိုင်းရင်းသားတွေရဲ့ယဉ်ကျေးမှု၊ စကား၊ စာပေ၊ ဓလေ့ထုံးတမ်းစဉ်လာ၊ သမိုင်းအမွေအနှစ် စသည်ဖြင့် ဒါတွေကို ဝိုင်းဝန်းစောင့်ရှောက်ရမယ်။

ဒါတွေက အနှစ်သာရ ဖြစ်ရမယ်။ ဒါတွေ စောင့်ရှောက်ဖို့အတွက်ကို တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန လိုတယ်။ ပြည်ထောင်စုအဆင့်မှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနရှိမှ တိုင်းဒေသကြီး/ ပြည်နယ်တွေက တိုင်းရင်းသားရေးရာဝန်ကြီးတွေ ပိုပြီးတော့ လုပ်ပိုင်ခွင့်ရမယ်။ အဲဒီတော့ ဒီဥပဒေကြမ်း နဲ့ ပတ်သက်လို့ အမျိုးသားလွှတ်တော်မှာ တိုင်းရင်းသားရေးရာဝန်ကြီးတွေ မကြာခဏလာပါတယ်။ နှစ်ကြိမ်လောက်လာပါတယ်။ တစ်ကြိမ်ကတော့ ဥက္ကဋ္ဌနဲ့လာတွေ့ပြီး သူတို့ လိုလားချက်တွေ တင်ပြတယ်။ နောက် တစ်ကြိမ်ကတော့ ဥပဒေကြမ်းကော်မတီနဲ့ လာတွေ့ပြီးတော့ တင်ပြတယ်။ သူတို့အခန်းတွေကို ပီပြင်အောင်ရေးရမယ်။ နောက် လူဦးရေနည်းပါးတဲ့ တိုင်းရင်းသားတွေအတွက် အမှန်တကယ် ဒီဥပဒေ တွေထဲမှာ ပြဌာန်းသင့်တဲ့ကိစ္စတွေ။ ဒါတွေကို စဉ်းစားဆွေးနွေးပြီးတော့ ဖြည့်တင်းပေးရမယ်။ ဒါက ရည်ရွယ်ချက်ပဲ။ ဒါကို ပေါ်လွင်အောင် လုပ်ရမယ်။ အဲဒီတော့ နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေး ဆိုတဲ့ အခန်းထဲက ပြန်ကူးထည့်ထားတဲ့ကိစ္စတွေ မလိုဘူးဆိုတာ မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တွေ ဆွေးနွေးတာ မလိုဘူး။

အဲဒါတွေ မလိုတဲ့အတွက် ဒီဥပဒေ မလိုတာတော့ မဟုတ်ဘူး။ ဒီဥပဒေတော့ လိုတယ်။ ပုဒ်မတွေ မလိုရင် အဲဒီပုဒ်မတွေဖယ်။ လိုတဲ့ဟာတွေ ပြန်ဖြည့်။ ပြန်ဖြည့်ပြီးတော့မှ ခုနက တင်ပြသလိုပေါ့။ ပြည်ထောင်စုကြီး ခိုင်မာရေးအတွက်ကို အချင်းချင်းသွေးစည်းခြင်း၊ ချစ်ကြည်ခြင်း၊ တန်ဖိုးထားခြင်း၊ တစ်ဦးပေါ်တစ်ဦး တန်ဖိုးထားခြင်း၊ လေးစားခြင်း ဆိုတာတွေ ပါအောင် ဝိုင်းဝန်းပြီးတော့ ဆွေးနွေးကြပါ။

ဒါကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်းခွင့်(၁၂)ဦး ရှိပါတယ်။ ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ကျန်းမာရေးဆေးစစ်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကော်မတီအစည်းအဝေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ဥပဒေကြမ်း ကော်မတီ အစည်းအဝေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေး။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ၎င်းအတိုင်း။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ သွားအထူးကုပြ။ ဒေါက်တာ ဗညားအောင်မိုး၊ မွန်(၇)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း အစည်းအဝေး အနည်းငယ် နောက်ကျရတဲ့ကိစ္စကတော့ ထိုင်းနိုင်ငံ၊ Koh Tao ကျွန်း လူသတ်မှုကိစ္စ သံသယနဲ့ ဖမ်းဆီး စစ်ဆေးခြင်းခံရတဲ့ လူငယ်(၂)ဦးရဲ့အမှုမှာ လိုက်ပါဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များနဲ့ အမျိုးသားလွှတ်တော် က ဥက္ကဋ္ဌ တာဝန်ပေးတဲ့ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာကော်မရှင် က ဦးစန်းလွင်၊ ဦးကျော်ဝင်း၊ ဦးကိုကိုမောင် တို့ မနေ့က တွေ့ဆုံပါတယ်။

တွေ့ဆုံတဲ့ ပုဂ္ဂိုလ်တွေကတော့ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့က ဒါရိုက်တာ ကျော်သောင်း၊ ရခိုင်အမျိုးသားကွန်ယက် ဥက္ကဋ္ဌ တင်ထူးအောင်၊ နောက် Rakhine National Social and Welfare Organization ဦးကျော်အေးမောင် (General Secretary)၊ နောက်တစ်ခုကတော့ ကျွန်တော်တို့ Steven Myint Maung Htay ဒါ Pandora Myanmar School of Management and Profession တို့နဲ့ တွေ့တဲ့အခါမှာ ဒီအရေးကိစ္စကို လိုက်ပါဆောင်ရွက်တဲ့ ပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံကို လိုက်ပါသွားတဲ့ မိဘများရဲ့ အသုံးစရိတ်အတွက် ငွေကြေးလိုအပ်ပါတယ်လို့ ဒီလိုသိရှိရပါတယ်။ သိရှိရတဲ့ အတွက် အမျိုးသားလွှတ်တော်ရဲ့ကိုယ်စား ဥက္ကဋ္ဌက သိန်း(၁၀၀)၊ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ က ယခု သိန်း(၁၀၀)၊ နောင်ကိုလည်း လိုအပ်ချက်အပေါ် မူတည်ပြီးတော့ ဆက်လက်လှူဒါန်းမယ်။ နောက် ဦးနေဝင်းထွန်း က သိန်း(၁၀၀) လှူဒါန်းပါတယ်။ ဒါကြောင့်မို့လို့ သိန်း(၃၀၀) လှူဒါန်းခြင်းကို မှတ်တမ်းတင်ပါတယ်။

ဒါ့အပြင် ဒီကိစ္စဟာ ဘယ်လောက်ကြာရှည်မှန်းမသိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့လည်း နည်းသည်၊ များသည်မဟူ စိတ်ဓာတ်ရေးရာအရ လှူနိုင်တန်းနိုင်ပါတယ်။ လှူချင် တန်းချင်တဲ့ကိစ္စတွေကို လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံမှာ ပေးအပ်ထားဖို့ ဖြစ်ပါတယ်။ အချိန် မရွေး ပေးအပ်ထားဖို့ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့လည်း အမြဲတမ်းလေ့လာထားဖို့လည်း ယခင် တိုက်တွန်းထားပြီး ဖြစ်ပါတယ်။ ဒါကို ဒီနေ့ အမျိုးသားလွှတ်တော်ကနေပြီးတော့ ကနဦး ကျပ်သိန်း(၃၀၀) လှူဒါန်းမှုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့လေကြောင်း ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၃း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က မြန်မာ့လေကြောင်း ဥပဒေကြမ်းကို ၂၃-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့လေကြောင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်

ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့သော ပြင်ဆင်ချက်ကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ယခု ရန်ကုန်တိုင်းဒေသကြီးမှ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၀။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား အမှူးထား၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ အမျိုးသားလွှတ်တော် ဧည့်သည်များအားလုံး ဂါရဝပြုပါကြောင်း ကျွန်တော့်အနေနဲ့ ရှေးဦးစွာပြောကြား လိုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့လိုက်တဲ့ မြန်မာ့အမျိုးသားလေကြောင်း ဥပဒေကြမ်းများနဲ့ ပတ်သက်ပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံတော် လေကြောင်းပို့ဆောင်ရေးကဏ္ဍ တိုးတက်ရာ၊ တိုးတက်ကြောင်းအတွက်၊ နောက်တစ်ခါ လေယာဉ်မတော်တဆ ထိခိုက်မှုများ မရှိစေရေး အတွက် အစဉ်တစိုက် အဆိုများ တင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများကို ကျွန်တော် တတ်အားသရွေ့ တတ်နိုင်သလောက် ဆောင်ရွက်ခဲ့ပါတယ်။ ဒီ မြန်မာ့အမျိုးသားလေကြောင်း ဥပဒေ ဟာလည်း ကျွန်တော် အဆိုတင်သွင်းခဲ့တဲ့ မြန်မာ့လေကြောင်း MA လိုင်းကို နိုင်ငံတော်လေကြောင်းလိုင်း ဖြစ်တာနဲ့အညီ Flag Carrier ဖြစ်တဲ့အတွက်ကြောင့် မြန်မာ့လေကြောင်းလိုင်း အနေနဲ့ မားမားမတ်မတ် ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးပေးပါရန် အဆိုတင်သွင်းတဲ့အခါမှာ အဆို အောင်ခဲ့တဲ့အတွက် ကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ကတိကဝတ်အတိုင်း ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုလို ဥပဒေကြမ်း ပေါ်ပေါက်လာခဲ့ရတဲ့အထိ ဖြစ်လာခဲ့ရပါတယ်။

အဲဒီလို ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့လည်း အထူးကျေးဇူးတင်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးနဲ့တကွ ပို့ဆောင်ရေးဝန်ကြီးဌာနကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ဒီ ဥပဒေဟာ အရေးကြီးတဲ့အတွက် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေပြီးတော့ သေသေချာချာ ကျွန်တော်လည်း ပါပါတယ်။ နောက် ဥပဒေကြမ်းကော်မတီဝင်များ၊ ပညာရှင်ကြီးများနဲ့ စုပေါင်းပြီးတော့ ကျွန်တော်တို့ သေသေချာချာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကလည်း စိတ်ပါ ဝင်စားစွာနဲ့ ပြင်ဆင်ချက်များ၊ ပြင်ဆင်ချက်တွေများပါတယ် တော်တော်လေး။ သို့သော်လည်း ကျွန်တော် ပြင်ဆင်ချက်တွေ ပြန်လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ အများအားဖြင့် စကားလုံး အထားအသို၊ နောက်တစ်ခါ ဝါကျအနေအထားတွေ၊ ရှေ့/နောက် ပြောင်းတာတွေ အနည်းအကျဉ်းပဲ အဲဒါတွေပဲ များပြီးတော့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိပ္ပာယ်ကွဲလွဲချက်ကတော့ နည်းပါတယ်။ ကျွန်တော်တို့ ဒီဥပဒေက ဘာကြောင့် အရေးကြီးသလဲဆိုတော့ ကျွန်တော်တို့ မြန်မာ့လေကြောင်း တိုးတက်ဖို့အတွက်က Turning Point လောက် ရောက်နေပါပြီ။ အရေးကြီးနေတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ MA နော်၊ အခုတော့ မြန်မာ့အမျိုးသားလေကြောင်းပေါ့၊ အမျိုးသားလေကြောင်းဟာ အစိုးရဝန်ကြီးဌာန အောက်မှာ ရှိတဲ့အတွက်ကြောင့် သူက လှုပ်ရှားလို့ မရဘူး။ ဥပမာအားဖြင့် လေသူရဲတွေကို အခု Private Airline ကနေပြီးတော့ Air Kanbawza ၊ Air Mandalay ကနေပြီးတော့ ကျွန်တော်တို့ Pilot တွေကို ဟိုဥစ္စာ

လောက်ပေးတယ်။ လစာသိန်း(၂၀)၊ သိန်း(၃၀)အဖြစ် ပေးနေတဲ့အချိန်မှာ မြန်မာ့လေကြောင်းက ကျွန်တော်တို့ အစိုးရဌာန ဖြစ်တဲ့အတွက်ကြောင့် DG လစာ (၂)သိန်းခွဲ၊ (၃)သိန်း ဒီလောက်ပဲ ပေးနိုင်တယ်။ အဲဒီလို ဆိုရင် မြန်မာ့လေကြောင်းမှာ လုပ်နေတဲ့ Pilot တွေ၊ ဟုတ်လား။ အင်ဂျင်နီယာတွေက ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဲဒီမှာ လစာပိုပေးတဲ့ဆီကို သွားချင်ကြပါတယ်။ အဲဒါကြောင့်မို့လို့ မြန်မာ့လေကြောင်း လိုင်းက ရပ်တည်ရေးဟာ အခက်အခဲဖြစ်တယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ Spare Parts တွေ။ လေယာဉ် Spare Part တွေကို ဝယ်တဲ့အခါမှာ တခြား Airlines တွေက Cash ပေးပြီးတော့ ချက်ချင်းဝယ်နိုင်ပါတယ်။ ဒါပေမဲ့ မြန်မာ့ လေကြောင်းလိုင်း အနေနဲ့ကတော့ အစိုးရဌာနဖြစ်တော့ ကျွန်တော်တို့ ဘတ်ဂျက်တင်၊ နောက်တစ်ခါ အထက်က ခွင့်ပြုချက်၊ ဒုတိယဝန်ကြီး၊ ဝန်ကြီး ခွင့်ပြုချက်တွေ ယူပြီးမှဆိုတော့ သူက Rotate အရ သူက ကြာပါတယ်။ လေယာဉ်တစ်စီးက မြေပြင်ပေါ်မှာ အကြာကြီးရပ်ထားလို့ မရပါဘူး။ ကျွန်တော်တို့ လေယာဉ်ပျံ ဆိုတာ လေထဲမှာ ရှိရင်ရှိ၊ မရှိရင် Museum မှာပဲ ရှိရပါမယ်။ ပြတိုက်မှာပဲ ရှိရပါမယ်။ အဲဒီတော့ AOG လို့ခေါ်တဲ့ Aircraft on Ground ဆိုရင် ဒါဆို အင်မတန်မှ အပြစ်ကြီးပါတယ်။ ဒါကြောင့်မို့လို့ Aircraft on Ground အကြာကြီး မထားချင်တဲ့အတွက်ကြောင့် Spare Part မြန်မြန်မှာဖို့ အတွက်ကျတော့ ဒီလို ကျွန်တော်တို့ ဥပဒေထုတ်ပေးမှ ကျွန်တော်တို့ရပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာ့လေကြောင်း တိုးတက်ဖို့အတွက်ကို လေယာဉ် Spare Part တွေ ဝယ်ယူရေးအတွက်လည်း အင်မတန်မှ အရေးကြီးပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီဥပဒေ မြန်မာ့လေကြောင်းကို Corporatization လုပ်တာပဲ။ Corporate အသွင်နဲ့ ပြောင်းတာပါပဲ။ ကျွန်တော်တို့ အစိုးရဝန်ကြီးဌာနရဲ့ အောက်ကနေပြီးတော့ စီမံခန့်ခွဲတဲ့အဖွဲ့နဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အုပ်ချုပ်ပြီးတော့ ဟိုးတစ်ချိန်က UBA လိုပေါ့၊ UBA ဟာ တစ်ချိန်က ၁၉၅၄ ခုနှစ်လောက်က UBA စထောင်တုန်းက ကျွန်တော်တို့ အစိုးရဆီက သန်း(၅၀) ချေးပြီးတော့ ဂျုံးဖြူ(၆)စီးဝယ်။ ဝယ်ပြီးတော့ Board နဲ့ အုပ်ချုပ်ပြီးတော့၊ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာ၊ အဲဒီတုန်းက ဗမာနိုင်ငံဟာ 727 အထိ ကျွန်တော်တို့ ပျံသန်းပြီးတော့ အရှေ့တောင်အာရှမှာ တော်တော်လေး ထိပ်တန်း ရောက်နေတဲ့ Airlines တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒါတွေကို ကျွန်တော်တို့ ပြန်လောက်ဖို့ အတွက်ကတော့ Corporatization လိုပါတယ်။ ဒီ Corporatization ကလည်း ကျွန်တော်သိသလောက် ဆိုရင်တော့ အစိုးရဌာနထဲမှာ ဒါ ဦးဆုံးလုပ်တဲ့ အဖွဲ့အစည်းတစ်ခုပါပဲ။ အဲ ပို့ဆောင်ရေးဝန်ကြီးဌာနက။ ဒီဥပဒေကို ကြည့်ပြီးတော့ ကျန်တဲ့ စွမ်းအင်တို့၊ အခြားဌာနတွေကလည်း၊ တခြား ဝန်ကြီးဌာနတွေကလည်း Corporator အဆင့်ကို သွားဖို့အတွက် ကျွန်တော်တို့ တာဆူနေကြပါတယ်။ ဒါကြောင့်မို့လို့ ဒီ ဥပဒေဟာ အင်မတန် အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့လည်း ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက် တဲ့အခါမှာ အခု ကြည့်လိုက်တော့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြန်ပို့တဲ့ အထဲမှာ ကျွန်တော်ပြောသလိုပဲ အဓိကအချက်(၄)ချက်လောက်ပါပဲ။ (၄)ချက် ကျွန်တော် Slide လေးနဲ့ ကျွန်တော် ပြချင်ပါတယ်။ နည်းနည်းလေးတော့ သေးတယ်။ အဲဒီဥပဒေက ဘာလဲဆိုတော့ အမှတ်စဉ်(၃၀)၊ အခန်း(၅)ပေါ့၊ အပိုဒ်(၈) အဲဒီမှာ ဝန်ကြီးဌာနသည် မြန်မာ့အမျိုးသားလေကြောင်းအား စီးပွားရေးဆန်ဆန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှုပေးမည့် လွှတ်လပ်

သော စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် (၉)ဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့ရမည်ဆိုတော့ ကျွန်တော်တို့က ဒီဘက်က အမျိုးသား လွှတ်တော်ကနေ ပြီးတော့ ကျွန်တော်တို့ သေချာစိစစ်ပေးလိုက်ပါတယ်။ အဲဒီမှာ ပြည်သူ့လွှတ်တော်၌ ကွဲလွဲချက်က အမျိုးသားလွှတ်တော်က အတွင်းရေးမှူးကို ဥက္ကဋ္ဌ က ခန့်အပ်သူတစ်ဦး ဆိုပြီးတော့ ထည့်ထားပါတယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ကတော့ အဲဒါကို ပယ်ဖျက်ထားတယ်။ ပယ်ဖျက်ထားပြီးတော့ ကျွန်တော်တို့ အခန်း(၅)၊ အပိုဒ်(၉)မှာ ကြည့်လို့ရှိရင် ဝန်ကြီးဌာနသည်တဲ့ ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော စီမံခန့်ခွဲရေးအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရန် မြန်မာ့အမျိုးသားလေကြောင်းမှ ညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သော ဝန်ထမ်းတစ်ဦးအား တာဝန်ပေးရမည်။

အဲဒီတော့ ပြည်သူ့လွှတ်တော်က ဝန်ထမ်းကို ထည့်ချင်တယ်။ အားလုံးသဘောကတော့ ဒီ Board ထဲမှာ ဝန်ထမ်းမပါဘဲနဲ့ ကျွန်တော်တို့ လွတ်လပ်တဲ့အဖွဲ့တွေ များများပါတာ ကျွန်တော်တို့အတွက်တော့ ပိုကောင်းမယ်ထင်လို့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က ယခင် သတ်မှတ်ထားတဲ့အတိုင်းပဲ အတွင်းရေးမှူးကို ဥက္ကဋ္ဌက ခန့်အပ်သူတစ်ဦးကိုသာ ခန့်အပ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အမှတ်စဉ် (၃၃)၊ အခန်း(၅)၊ အပိုဒ် (၁၀) အဲဒါကတော့ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်းကိစ္စများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ အဲဒီလို အမျိုးသားလွှတ်တော်က သေချာစဉ်းစားပြီးတော့ ကျွန်တော်တို့ တင်ခဲ့ပါတယ်။ အဲဒီမှာ ပြည်သူ့လွှတ်တော်က ဘာပြောသလဲဆိုတော့ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးများသို့ စီမံခန့်ခွဲရေးအဖွဲ့ဝင် အနည်းဆုံး (၇၅)ရာခိုင်နှုန်း တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည် ဟု မှတ်ယူရမည်ဆိုတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အတွေ့အကြုံအရတော့ ဒီ Board တွေ၊ ဘာတွေမှာ (၇၅)ရာခိုင်နှုန်း ပြည့်ဖို့ကတော့ တော်တော်လေး ခက်ပါတယ်။ အဲဒီ့အတွက်ကြောင့် အစည်းအဝေး မလုပ်ဖြစ်ရင် ကျွန်တော်တို့ လုပ်ငန်းတွေ ကျွန်တော်တို့ နှောင့်နှေးနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က ယခင် အတည်ပြုထားတဲ့အတိုင်းပဲ ကျွန်တော်တို့ စီမံခန့်ခွဲရေးအဖွဲ့ကို လွတ်လွတ်လပ်လပ်ကလေး ကျွန်တော်တို့ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းဆိုတော့ ကျွန်တော်တို့ လွှတ်တော်ကြီးမှာဆိုရင်လည်း (၃၀)ရာခိုင်နှုန်းရှိရင် လွှတ်တော် အထမြောက်တယ်။ ဟိုမှာလည်း ကျွန်တော်တို့ Board ကို အခြေအနေကြည့်ပြီးတော့ အငြိမ်းစားတွေများလို့၊ အသက်ကြီးသူတွေများလို့ မလာနိုင်ဘူးထင်ရင်တော့ (၅၀)ရာခိုင်နှုန်း စသည်ဖြင့်ပေါ့၊ (၅၁)ရာခိုင်နှုန်း စသည်ဖြင့်ပေါ့။ ကျွန်တော်တို့ Board ကနေပြီးတော့ ဆုံးဖြတ်လို့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ရမည် ဆိုတဲ့ အမျိုးသားလွှတ်တော်ရဲ့ ကျွန်တော်တို့ သတ်မှတ်ချက်အတိုင်းပဲ အတည်ပြုသင့်တယ်လို့ ကျွန်တော်ဆွေးနွေးလိုပါတယ်။

တတိယအချက်ကတော့ အမှတ်စဉ်(၃၈)၊ (၃၉)၊ အခန်း(၅) အဲဒီမှာ ပြည်သူ့လွှတ်တော်က ဘာထည့်ထားသလဲဆိုတော့ ဥက္ကဋ္ဌမှတစ်ပါး အခြားအဖွဲ့ဝင် တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားခံစားခွင့် သက်ရောက်သက်ဆိုင်မှု ရှိ/မရှိ သိရှိရန် အကြောင်းပေါ်ပေါက်လျှင်

ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်အတိုင်း အပြီးအပြတ် ဖြစ်သည်။ ဥက္ကဋ္ဌနှင့်ပတ်သက်၍ ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ/မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည် ဆိုပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြန်ပို့ထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက သတ်မှတ်ထားတဲ့အတိုင်း၊ ကျွန်တော်တို့အရင် ဆွေးနွေးထားတဲ့အတိုင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးမှ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြား အကျိုးသက်ဆိုင်ခွင့် ရှိ/မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပိုင် ဖြစ်သည်။ ကျွန်တော်တို့ အဲဒါကို အဖွဲ့နဲ့ပဲ ဆုံးဖြတ်ချင်ပါတယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌ သက်သက်၊ အဖွဲ့ဝင် သက်သက် ခွဲခြားမှု လည်း ကျွန်တော်တို့ မထားလိုပါဘူး။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ အတည်ပြုဖို့အတွက် ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။

နောက်ဆုံးတစ်ချက်က အမှတ်စဉ် (၅၄)၊ အခန်း(၆)၊ အပိုဒ် (၁၈) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ နိုင်ငံတော် အလံတင်လေကြောင်းလိုင်း ဖြစ်သည့်အားလျော်စွာ သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည် ဆိုပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က Flexible ပေးထားပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ တိုက်ရိုက်ညှိနှိုင်းပြီးတော့ ဘာကြောင့်လဲဆို သူတို့က Board လိုပဲ ဟုတ်လား၊ ဒီဥပဒေက စီမံခန့်ခွဲတဲ့အဖွဲ့က လွတ်လွတ်လပ်လပ်ပဲ လုပ်နိုင်အောင်၊ ဒါပေမဲ့ ပြည်သူ့ လွှတ်တော်ကတော့ သက်သာခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားခြင်း ဆိုပြီးတော့ အဲဒီတော့ ဝန်ကြီးဌာနကနေတစ်ဆင့် ဟုတ်လား၊ အစိုးရအဖွဲ့ကို တင်ဆိုတော့ ဟုတ်လား၊ အဖွဲ့တွေ အများကြီး များသွားပါတယ်။ ကျွန်တော်တို့ ယုံကြည်လို့ ပေးထားတဲ့ စီမံခန့်ခွဲရေး အဖွဲ့ဖြစ်တဲ့အတွက်ကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာန နဲ့ တိုက်ရိုက်ညှိနှိုင်းပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ထုံးလုပ်နည်းအတိုင်းပဲ လုပ်မှာပါ။ သူတို့က လုပ်ထုံးလုပ်နည်းပြင်ပက လုပ်မှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ကျွန်တာ်တို့ထားရှိသင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၃:၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးညွန့်တင် ရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူ လက်ခံထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူ ပါမယ်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကိုပြင်ဆင်သည် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည့်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် တင်သွင်းထားတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာ သည့်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်

ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၆။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ဒီနေ့ ပြည်တွင်းငြိမ်းချမ်းရေး ရတာနဲ့အမျှ ယခင်က စစ်ဘေးဒဏ်ခံခဲ့ရတဲ့ တိုင်းရင်းသားဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်ဖို့ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးဖို့ အဆိုနဲ့ပတ်သက်လို့ ကျွန်တော် ထောက်ခံဆွေးနွေး လိုပါတယ်။ ကျွန်တော်တို့ အမျိုးသားရေး ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့စကားတစ်ခွန်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာပြည်ဟာ စစ်ဘေးစစ်ဒဏ်ကြောင့် မိအေး နှစ်ခါနာခဲ့ရတယ်လို့ ပြောဖူးပါတယ်။ မိအေး နှစ်ခါနာခဲ့တာ အင်္ဂလိပ်ဟာ နှစ်ရှည်လများ အုပ်ချုပ်ပြီး ဂျပန် ဝင်တဲ့အခါမှာ ဆုတ်ခွာသွားတဲ့အချိန်မှာ ကျွန်တော်တို့ အထူးသဖြင့် ရေနံတွင်းတွေကို ကွန်ကရစ်နဲ့ ပိတ်ပစ်ခဲ့တယ်။ သုံးလို့ မရအောင် လုပ်ပစ်ခဲ့တယ်။ တံတားတွေ ဖျက်ဆီးခဲ့တယ်။ အထူးသဖြင့် စစ်တောင်းတံတား၊ အင်းဝတံတား ဒါတွေ ဖျက်ဆီးခံခဲ့ရတာတွေ ရှိပါတယ်။ အဲဒီတော့ တစ်ခါ အင်္ဂလိပ်နောက် ဂျပန်ဆုတ်သွားပြီး အင်္ဂလိပ် ပြန်ဝင်တဲ့အခါမှာလည်းပဲ မန္တလေးနန်းတော်ကြီးဟာ အမြောက်ဒဏ်၊ လက်နက်ဒဏ်ကြောင့် မီးလောင်ဆုံးရှုံးခဲ့ရပါတယ်။ ဒါတင်မကသေးဘဲနဲ့ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ စစ်ကြောင့် ထောင်းထောင်းကြေ ဆုံးရှုံးခဲ့ရတာ အများအပြား ရှိခဲ့ပါတယ်။

အဲဒီတော့ ဒါနဲ့ပတ်သက်ပြီး ထပ်မံပြောကြားတဲ့အချက်ကတော့ ဒီစစ်ပွဲကာလအတွင်းမှာ ကလေးသူငယ်များ မွေးဖွားတဲ့ ပုဂ္ဂိုလ်များဟာ လူလားမမြောက်သေးတဲ့ လူငယ်လူရွယ်များအနေနဲ့ စစ်ဘေးရဲ့ ဒဏ်ကြောင့် စိတ်အားငယ်တဲ့ ဒဏ်ရာတွေ၊ စိတ်ဒဏ်ရာတွေ ခံစားရတဲ့အတွက်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆယ်စုနှစ်ချီပြီးတော့ ဆောင်ရွက်ရမှာဖြစ်ကြောင်း မိန့်ကြားသွားတာ မှတ်သားထားရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ စစ်ဘေးဒဏ်ခံရတဲ့ ဒေသများဟာ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ထိခိုက်ခဲ့တယ်လို့ ကျွန်တော်တို့ ယူဆရမှာ ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ စစ်ဘေးဒဏ် မခံရတဲ့နယ်မြေ မရှိသလောက် များပြားခဲ့ပါတယ်။

သို့သော်လည်းပဲ ဥပမာအားဖြင့် တင်ပြရလို့ရှိရင် ရခိုင်ဒေသမှာ ဗ.က.ပ ရခိုင်ဒေသ သောင်းကျန်းမှုကြောင့်လည်းကောင်း၊ မူဂျာဟစ်များ သောင်းကျန်း၍ လည်းကောင်း ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသမှာ လူအများအပြား သေကြေ၊ အိမ်ရာများ စွန့်ခွာထွက်ပြေးပြီးတော့ ဆုံးရှုံးမှုပေါင်းများစွာ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါတယ်။ ဒီဒဏ်ကိုလည်းပဲ ယခုအချိန်ထိ ဘူးသီးတောင်-ရသေ့တောင်ရဲ့ ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများမှာ ခံနေရဆဲဖြစ်တယ်လို့ တွေ့မြင် နိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရခိုင်ဒေသမှာ အိမ်ကြီးရခိုင် ဆိုတာ ကြားဖူးပေမယ့် ရောက်သွားတဲ့ အခါမှာ ဘုန်းကြီးကျောင်းတောင်မှ တိုင်တွေဟာ ဖြောင့်ဖြောင့်တန်းတန်း မရှိဘဲ မြေကြီးမှာ ဝပ်ပြီးတော့ ဆောက်ထားတာ မေးကြည့်တော့ ခင်ဗျားတို့ လျှုရေးတန်းရေးတွေ မလုပ်ကြဘူးလားဗျာ။ မဟုတ်ဘူးတဲ့ ကျောင်းကောင်းကောင်း အိမ်ကောင်းကောင်း ဆောက်ထားရင် ဆက်ကြေးလာတောင်းလိမ့်မယ်။ ပိုက်ဆံ

လာတောင်းမှာ ကြောက်လို့ မဆောက်ရဲလို့ မဆောက်ခဲ့တာပါလို့ ဒီလိုဖြေတာ ကျွန်တော်တို့ တွေ့ပါတယ်။ စစ်ရဲ့ဒဏ်ကို ခံစားကြရတဲ့ ပြည်သူလူထုများရဲ့ ပြောစကားများ ဖြစ်ပါတယ်။

အလားတူပဲ ကျွန်တော်တို့ ပဲခူးရိုးမ(အရှေ့/အနောက်)၊ ဧရာဝတီတိုင်းမှာလည်းပဲ ဗ.က.ပ နစ်ဖြူပေါ့ KNDO ဒဏ်တွေကိုလည်းပဲ အလူးအလဲခံစားခဲ့ရတာပါ။ ၁၉၇၀ ကျော်ပိုင်းကျမှ ဒီဒေသတွေ အေးချမ်းတဲ့နေရာများ ဖြစ်ခဲ့ရပါတယ်။ စစ်ဖြစ်တဲ့ကာလများမှာ ဥပမာအားဖြင့် ပေါက်ခေါင်း၊ နောက် ဖြူး စတဲ့ ဒီလိုဒေသတွေမှာ လူပေါင်းများစွာ မြို့လုံးကျွတ် မီးရှို့ခံရတယ်၊ သတ်ခံရတယ် ဒီလိုကိစ္စမျိုးတွေက လူထုမှာ စိတ်ဒဏ်ရာ အများကြီးခံစားခဲ့ရပါတယ်။ နောက် ပင်လည်ဘူး၊ ဗန်းမောက် စတဲ့ မြစ်ဖျားဒေသ လို့ ခေါ်တဲ့နေရာမှာ ဗ.က.ပ နစ်ဖြူဟာ ကဒူးကနန်း တိုင်းရင်းသားများ နေထိုင်တဲ့နေရာမှာ ၁၉၅၀ ကျော် က စပြီးတော့ မြစ်ဖျားဒေသစီမံကိန်းနဲ့ ဒီဒေသမှာ ဘုန်းကြီးပါမကျန် သစ်ပင်မှာ တိုင်မှာ ကြိုးတုတ် ချီပြီး ဓားနဲ့ ခုတ်သတ်ခဲ့တဲ့ ဖြစ်စဉ်များ ရှိတဲ့အတွက်ကြောင့် ကဒူးကနန်းဒေသမှာ ကွန်မြူနစ်ဆိုတဲ့ စကားကို မကြားချင်လောက်အောင် ၁၉၈၀ ခုနှစ် နောက်တစ်ကြိမ် နစ်ဖြူများ ဒီဒေသကို ကဒူးကနန်း ဒေသကို ဝင်ရောက်တဲ့အခါမှာ တွေ့မြင်ကြားသိခဲ့ရပါတယ်။ အဲဒီတော့ စစ်ဘေးဒဏ်ခံရတဲ့ ကဒူးကနန်း ဒေသကလည်းပဲ ခုချိန်မှာ ဘယ်လောက်ထိ ဖွံ့ဖြိုးတိုးတက်နေပြီလဲဆိုတာ ပြန်လည်ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါတယ်။

နောက်တစ်ချက် ကျွန်တော်တို့ ဧရာဝတီမြစ်ကမ်းနံဘေးမှာ ရှိတဲ့ ပခုက္ကူ ချောက်၊ ဆိပ်ဖြူ မြင်းခြံ စတဲ့ နယ်မြေမှာလည်း နစ်ဖြူ နစ်နီ သောင်းကျန်းခဲ့တုန်းက လွတ်လပ်ရေးရပြီး မကြာခင် ဒီနေရာမှာ ပြည်တွင်းစစ်သဘောမျိုး ဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဗမာ့တပ်မတော်မှာရှိတဲ့ ချင်း၊ ကယား၊ ရှမ်း စတဲ့ လက်နက်ကိုင် တပ်ရင်းများနဲ့ ဒီဒေသမှာ ကျွန်တော်တို့ သောင်းကျန်းသူများကို နှိမ်နင်းခဲ့ရတဲ့အခါမှာ ရွာလုံးကျွတ် သတ်ခံရတာတွေ ရှိပါတယ်။ အဖေမပေါ်ဘဲ မွေးခဲ့တဲ့ ကလေးတွေ လည်း အများကြီး ရှိတယ်လို့ နယ်မြေမှာ ရောက်ရှိခဲ့တဲ့ အချိန်ကစပြီး ကြားသိခဲ့ရပါတယ်။ ဂန့်ဂေါ၊ ထီးလင်း နယ်မြေမှာလည်း အလားတူ ဗ.က.ပ နစ်နီရဲ့ ရွာလုံးကျွတ်သတ်ဖြတ်ခဲ့တဲ့ ဆင်စွယ်လို ကိစ္စမျိုး တွေလည်း ကြုံခဲ့ပါတယ်။ အဲဒီတော့ ဒီနယ်မြေမှာ အခုချိန်ထိ ထိထိရောက်ရောက် ကုစားမှုများ လိုနေဦး မယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ အဲဒီတော့ တောင်ပေါ်နေ လူမျိုးစုများ ကချင်၊ ရှမ်း၊ ကယား၊ မွန် နယ်မြေတွေမှာ အခုအချိန်ထိ မငြိမ်းချမ်းသေးတဲ့ ဒေသများလည်း ရှိနေသေးဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမှန်အားဖြင့်တော့ ၁၉၈၈ တပ်မတော်ဟာ နိုင်ငံတော်အာဏာ ရယူပြီးတဲ့ နောက်ပိုင်း ၁၉၈၉ ခုနှစ်မှာ ကွန်မြူနစ်ခေါင်းဆောင်များကို တိုင်းရင်းသားလက်နက်ကိုင်များက တော်လှန်ပုန်ကန်ပြီး မောင်းထုတ်ခဲ့တဲ့ အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များက သီးခြားရပ်တည်ခဲ့ကြပါတယ်။ ၁၉၈၉ ခုနှစ်မှာ ကိုးကန့်ဒေသဟာ ငြိမ်းချမ်းရေး ရယူပြီး ယခုချိန်ထိ ကိုးကန့်ဒေသ ငြိမ်းချမ်းရေး ရရှိနေပြီ ဖြစ်ပါတယ်။

အလားတူပဲ ကျွန်တော်တို့ ကျန်တဲ့ အဖွဲ့အစည်းများ (၁၄)ဖွဲ့ ငြိမ်းချမ်းရေး ရယူခဲ့ပြီး ၁၉၉၀-၁၉၉၁-၁၉၉၄ ထိ တစ်ဖွဲ့ချင်းတစ်ဖွဲ့ချင်း ငြိမ်းချမ်းရေး ရယူခဲ့ပြီး ၂၀၁၀ ခုနှစ်ထိ အခုချိန်ထိ တည်မြဲနေတဲ့ အဖွဲ့အစည်းများ ရှိသလို ၂၀၁၀ ခုနှစ်ကျမှ လက်နက်ဆွဲကိုင်ပြီး ပြန်လည်ဖျက်ဆီး တိုက်ခိုက်ခဲ့တဲ့ ဖြစ်စဉ် တွေလည်း ကျွန်တော်တို့ တွေ့နေရပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်မှာ ကျွန်တော်တို့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေ ဘယ်လောက်ပဲလုပ်လုပ် ပြန်လည်လက်နက်ကိုင် တိုက်ခိုက် လာတဲ့အခါမှာ တံတားတွေ ဖျက်ဆီးခံရတာတွေ၊ ရွာတွေ ဖျက်ဆီးခံရတာတွေ အများကြီး ကျွန်တော်တို့

ရှိခဲ့ပါတယ်။ အခု ကျွန်တော်တို့ တင်ပြသလိုပဲ ဗမာပြည်အနှံ့အပြားမှာ လက်နက်ကိုင် တိုက်ခိုက်ခဲ့တာတွေ ပြည်တွင်းငြိမ်းချမ်းရေး ရရှိဖို့အတွက် ကြိုးစားနေဆဲကာလနဲ့ တချို့လည်း ငြိမ်းချမ်းရေး ရရှိတဲ့အခါမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တချို့ ငြိမ်းချမ်းရေး ရရှိတာ ကြာပြီဖြစ်သော်လည်းပဲ တိုးတက်အောင် လုပ်ဖို့အတွက် အများကြီး လိုအပ်နေသေးကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ တချို့လည်းပဲ တိုက်ပွဲကြီးမားစွာ မဖြစ်ပေမယ့် ပြန်လည် ထူထောင်ရေး လုပ်ငန်းတွေဟာ ဒီနေရာမှာ တိုက်ပွဲမဖြစ်ဘူး ဒါကြောင့်မို့လို့ တိုင်းပြည်လည်းပဲ အဖက်ဖက်က ပိတ်ဆို့ခံထားရတဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရရဲ့ဘတ်ဂျက် ငွေရေးကြေးရေး အခက်အခဲကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ မလုပ်ပေး နိုင်တဲ့အတွက်ကြောင့် တချို့က ဒေသတစ်ခုလုံးကို စွန့်ခွာသွားတာ တွေ့မြင်နေပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က အမေရိကန်နိုင်ငံကို သွားရောက်တဲ့အခါမှာ Indianapolis ဆိုတဲ့ မြို့မှာ ဖလမ်း၊ တီးတိန် စတဲ့ ဒီနယ်မြေက ချင်းလူမျိုး (၆၆၀၀၀)လောက် အဲဒီမှာ မြို့တည်ပြီးတော့ နေထိုင်နေတယ်လို့ နေရာချထားပေးတယ်လို့ တွေ့ရှိပါတယ်။ အလားတူပဲ Oklahoma City မှာလည်းပဲ အင်အား (၃၀၀၀၀)ကျော် ရှိနေတယ်လို့ ကျွန်တော် သိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တိုက်ပွဲပြင်းထန်စွာ မဖြစ်ပွားသော်လည်းပဲ နေထိုင်ရေး အခက်အခဲရှိတဲ့ နိုင်ငံသားတွေဟာ အမေရိကန်နိုင်ငံမှာတောင် အင်အားသိန်းနဲ့ချီရှိရင် ထိုင်းနိုင်ငံမှာ ရှမ်းလူမျိုးတွေ၊ ထားဝယ်ဘက်က ပုဂ္ဂိုလ်တွေ၊ ရခိုင်လူမျိုးတွေ၊ စသည်အားဖြင့် ထိုင်းနိုင်ငံမှာ အင်အား (၁၀)သန်းလောက် ရှိတယ်ဆိုတာ မငြင်းနိုင်ဘူးလို့ ဆိုနိုင်ပါတယ်။ ရခိုင်ပြည်နယ်က တချို့ပုဂ္ဂိုလ် တော်တော်များများကလည်း မလေးရှားမှာ သွားအလုပ် လုပ်နေတာ အများအပြား ဖြစ်ပါတယ်။ အဲဒီတော့ တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့ပြီးတော့ သွားရောက် အလုပ်လုပ်ကိုင်နေတာ အမှန်အားဖြင့် ကျွန်တော်တို့နိုင်ငံမှာဖွံ့ဖြိုးတိုးတက်မှု ရှိမယ်ဆိုရင် ကိုယ့်တိုင်းပြည် တိုးတက်အောင် အများကြီး လုပ်နိုင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ငြိမ်းချမ်းရေးကို အမြန်ဆုံး ရရှိတာနဲ့အမျှ ဒါ စစ်ဘေးစစ်ဒဏ် ခံခဲ့ရတဲ့ဒေသတွေဟာ နေရာအနှံ့အပြားမှာရှိတဲ့အတွက်ကြောင့် ပျက်စီးဆုံးရှုံးမှုများ အားလုံးကို ဖြေဆည် နိုင်ဖို့အတွက် တိုးတက်ချမ်းသာမှုများနဲ့ အစားထိုးပေးဖို့ လိုအပ်တယ်လို့ တင်ပြဆွေးနွေးလို ပါတယ်။ အခြေခံအားဖြင့် စားဝတ်နေရေး စားဖို့ နေဖို့ ဝတ်ဖို့ ပြေလည်ရေးအတွက် ကျွန်တော်တို့ စစ်ဒဏ်ခံရတဲ့ ဒေသမှာ ရွာလုံးကျွတ် ရွှေ့ပြောင်းခဲ့ရတယ်၊ ထွက်ပြေးခဲ့ရတယ်၊ ပိုင်ဆိုင်သမျှ သစ်ပင်စားပင် သီးနှံ အားလုံး ထားပစ်ခဲ့ရတာတွေ နဂို မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ဖို့လည်း လိုအပ်ပါမယ်။ အဲဒီတော့ အခြေခံဥပဒေမှာ တိုင်းရင်းသားတိုးတက်ရေး နဲ့ ပတ်သက်လို့ ပံ့ပိုးကူညီမယ်လို့ ဖော်ပြထားပြီး ဖြစ်ပေမယ့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ အသေးစိတ် နည်းလမ်းတကျ စီမံချက်ရေးဆွဲပြီးတော့ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၄၆။**

**ဦးဂျေယောဝှ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပညာရှင်ကော်မရှင် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ် တော်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အင်္ဂလိပ်လိုနဲ့ ဖတ်ကြားခွင့်၊ တင်ပြခွင့် ပြုပါခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ငြိမ်းချမ်းရေးရမှ မဟုတ်ဘဲ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရင်း ငြိမ်းချမ်းရေး ရရှိအောင် တည်ဆောက်သွားသင့်ပါတယ်ဆိုတဲ့ အချက်က အင်မတန် အရေးကြီးပါတယ်လို့ ထင်ပါတယ်။ (Magnetic Principle) သံလိုက်နိယာမအရ Negative Pole အချင်းချင်းက တွန်းကန်ပါတယ်။ အဆိုးကို အဆိုးနဲ့ တုံ့ပြန်မယ်ဆိုရင် Positive အကောင်း ဖြစ်မလာနိုင်ပါဘူး။ ကျောင်းတွေမှာတောင် ကလေးတွေကို ကြိမ်လုံးနဲ့ ဆုံးမတဲ့ နည်းလမ်းကို မသုံးခိုင်းကြတော့ပါဘူး။ Alternative Ways ဖြစ်ကြတဲ့ ဆုပေးဒဏ်ပေးစနစ်ကိုပဲ ခွင့်ပြုကြတော့ပါတယ်။ Security မရှိ၊ မငြိမ်းသေးဘူး ဆိုးတယ်ဆိုပြီး ညှိနှိုင်းမှုလည်း မရှိဘူး။ ဖွံ့ဖြိုးရေးလည်း မလုပ်ဘူးဆိုတော့ ဘယ်တော့မှလည်း တိုးတက်လာမှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းလာမှာလည်း မဟုတ်ပါဘူး။

သာဓကတစ်ခုအနေနဲ့ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ တံခါးပိတ်ဝါဒကို ကျင့်သုံးခဲ့ပါတယ်။ ကမ္ဘာကလည်း ကျွန်တော်တို့နိုင်ငံကို စီးပွားရေးပိတ်ဆို့မှု (Sanction) တွေ လုပ်လိုက်တော့ အဆိုရှင် ပြောသလို (၂၅) နှစ်အကြာမှာတော့ ၁၉၈၇ ခုနှစ်မှာ ကမ္ဘာမှာ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ (Least Developed Country) အဖြစ် သတ်မှတ်ခံလိုက်ရပါတယ်။ Consequences တစ်ခုအနေနဲ့ ကတော့ နောက်ဆက်တွဲအနေနဲ့ Second Hand လေယာဉ်ပျံတွေတောင် Sanction ကို အခွင့်ရေးယူ လောဘတက်ပြီး (25) million US Dollar နဲ့ ဈေးတင်ရောင်းချခံခဲ့ကြရပါတယ်။ နိုင်ငံတော်ဘတ်ဂျက်လည်း ဆုံးရှုံးရပါတယ်။ တကယ် ထုတ်လုပ်တဲ့ ကုမ္ပဏီတွေကတော့ အသစ်စက်စက်ကို တောင်မှ 17 million US Dollar ဒါကိုတောင်မှ By Installment နဲ့ (၁၀)နှစ် (၁၅)နှစ် အနှစ်(၂၀)နှစ်မှ အပြီးချေ။ လေယာဉ်များများ ဝယ်မယ်ဆိုရင် အနှစ် (၄၀)ထိတောင်မှ Installment Time Period ကို ပေးထားပါတယ်။ ပြောချင်တာကတော့ Negative ဖြစ်ခဲ့တဲ့ တံခါးပိတ်ဝါဒထက် တံခါးဖွင့်ဝါဒက ကောင်းပါတယ်။ Sanction ထက် Lifting Sanction ဖြစ်သွားတာ ပိုကောင်းပါတယ်။ မတူတာကို ဘေးဖယ် တူညီတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပါက Negative Pole, Positive Pole တွေ တွေ့ဆုံပြီး Attraction ဖြစ်လာတော့မှာ ဖြစ်ပါတယ်။ မိမိတို့၏ အစိုးရရဲ့ စေတနာကိုလည်း နားလည်လက်ခံလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Food Security ဝမ်းစာဖူလုံမှု ရှိလာအောင် လယ်ယာမြေဖော်ထုတ်ခြင်း၊ ဆည်မြောင်းဖောက်လုပ်ပေးခြင်း၊ ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် အထွက်တိုး မျိုးစေ့များ၊ ဈေးကွက်ဝင်သီးနှံများ၊ မြေသြဇာများ စသည့် အခြား လိုအပ်တဲ့ အထောက်အပံ့အကူအညီများ ချေးငွေများဖြင့် ပံ့ပိုးပေးခြင်း ပြုလုပ်ပေးပါက ဝမ်းစာဖူလုံပြီး တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း သုံးစွဲမှုများကို လျှော့ပေါ့ပပျောက် သွားစေမှာ ဖြစ်ပါတယ်။ ငွေရလွယ်သော်လည်း လူသားမျိုးနွယ်စု တစ်ရပ်လုံးကို အန္တရာယ်ဖြစ်စေသော

သေဒဏ်အထိ ချမှတ်ခံရနိုင်သော မှောင်ခိုဘိန်းစိုက်ပျိုး ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းကို အစားထိုး ပေးသည့်အနေနဲ့လည်း Ground Feild မြေပြင်အခြေအနေမှာ Grass - Root Level မှ တကယ်ကို လိုအပ်နေတဲ့ သတ္တုသယံဇာတ သဘာဝအရင်းအမြစ်တွေကို တစ်စုတစ်ဖွဲ့တည်း လက်ဝါးကြီးအုပ်တဲ့ စနစ်၊ ရင်းနှီးမြှုပ်နှံနိုင်တဲ့ ငွေရှင်ကြေးရှင်တွေသာ လုပ်နိုင်တဲ့စနစ် မဖြစ်စေရန် အလွန်အရေးကြီးပါတယ်။ တချို့ဆိုရင် အဖွဲ့အစည်း နာမည်ခံပြီးမှ တကယ် လုပ်နေတာကတော့ အိမ်နီးနားချင်းက ငွေရှင်ကြေးရှင် တွေ Investment လုပ်နေတာ FDI Law အရကော မဟုတ်ဘူး။ MIC Law အရလည်း မလုပ်တော့ နိုင်ငံတော်မှာ ဝင်ငွေလည်းမရဘူး။ နိုင်ငံတော်ရဲ့ သဘာဝအရင်းအမြစ် ရတနာတွေလည်း တစ်ဖက် နိုင်ငံကို တောင်ပုံ ရာပုံ ရောက်ရှိလို့ နေတာ ဖြစ်ပါတယ်။

အခုများ မကြာခင်မှာဆိုရင် ပြဋ္ဌာန်းတော့မှာဖြစ်တဲ့ အမျိုးသားလွှတ်တော်က စတင်လိုက်တဲ့ ကျောက်မျက်သတ္တုဥပဒေတွေဟာဆိုရင် ကျွန်တော်တို့ တကယ်ပဲ အကာအကွယ် ပေးလာနိုင်တော့မှာ ဖြစ်ပါတယ်။ ဒေသခံအားလုံးကိုလည်း Stakeholder တွေအဖြစ်နဲ့ သူတို့ကို ပါဝင်စေရမယ်။ နောက်ပြီး တော့ CSR - Corporate Social Responsibility ဒေသခံတစ်ရပ်လုံးကလည်း တာဝန်ယူ တာဝန်ခံနိုင် တဲ့ အခြေအနေကို ရောက်ရှိအောင် အကျိုးလည်း ခံစားခွင့်ရရှိအောင် လုပ်ပြီးမှ Social Licence ကို ကျွန်တော်တို့က ရရှိအောင် လုပ်ကြရမှာဖြစ်ပါတယ်။ ဒီမှာ ဒါ မလုပ်ပေးဘူးဆိုရင် အခု ကျွန်တော့် မဲဆန္ဒနယ်ကို ခဏ ကျွန်တော် ပြည်သူတွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ အထူးသဖြင့် မချမ်းဘောမြို့နယ်မှာ မှီတင်းနေထိုင်ကြတဲ့ ဒေသခံ မဲဆန္ဒနယ်တွေက တင်ပြကြပါတယ်။ အခု ကျောက်နဂါးကိုလည်း ပြုပြင် လိုက်တာ ဖြစ်ပါတယ်။ ပြုပြင်လိုက်မှ ဘုရားလည်း တည်ပါတယ်။ နတ်ကျောင်းမှာလည်း ဘုရားတည် လိုက်ပါတယ်။ ဒါ ဒီနှစ်အတွင်းမှာပဲ လောလောလတ်လတ် ဖြစ်သွားတာပေါ့။ ဘုရားတည်တယ် ဆိုတာ တည်ထားကိုးကွယ်တယ် ဆိုတာကတော့ အင်မတန် မွန်မြတ်တဲ့ လုပ်ငန်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမှာ သမိုင်းဝင် ကျောက်နဂါးကို ပြုပြင်လိုက်တော့ သူက Original မဖြစ်တော့ဘူးပေါ့။ Original လည်း မဖြစ်ဘူး။ ဒေသခံတွေကိုလည်း ဆွေးနွေးညှိနှိုင်း တိုင်ပင်ခြင်း မရှိတော့ ၁၂-၁၀-၂၀၁၄ မှာ သူတို့ အင်အား (၃၀၀)လောက် ဆန္ဒပြကြပါတယ် ပူတာအိုမှာ။ အဲဒီလို သတင်း ပေးပို့ပါတယ်။ ပြောချင်တာက ကျွန်တော်တို့ ဒေသခံရဲ့ သဘောတူညီချက်ပေါ့ ညှိနှိုင်းခဲ့ချက်ပေါ့။ ညှိနှိုင်းခဲ့ခြင်းပေါ့ Social Licence လိုအပ်နေတာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ တစ်နိုင်တစ်ပိုင် မိရိုးဖလာ အသေးစား အလတ်စားများ အားကောင်း လာအောင် ဥပဒေအားဖြင့် ကာကွယ်ပေးရမှာ ဖြစ်ပါတယ်။ သို့မဟုတ်ရင် ငွေကြေးတတ်နိုင်သူများသာ လုပ်ကွက်ရပြီး ဆင်းရဲတဲ့ ဒေသခံတွေကတော့ ဆင်းရဲတွင်းနက်မြဲ နက်နေပြီး တရားမဝင် ဘိန်းစိုက်ပျိုး ရောင်းဝယ် ဖောက်ကားခြင်း၌ပင် တဝဲလည်လည် ရောက်ရှိနေကြတော့မှာ ဖြစ်ပါတယ်။ သယံဇာတ သဘာဝအရင်းအမြစ်တွေကိုလည်း Long Term Planning Sustainable Development ရေရှည် တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေ သားစဉ်မြေးဆက်ထိ အကျိုးရှိအောင် စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒေသခံများ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံ ထုတ်ကုန်တွေကိုလည်း အစိုးရက ဈေးကွက် ရှာဖွေပေးရမှာ ဖြစ်ပါတယ်။ အဆင့်တက်ပြုပြင်တဲ့ (Value Added) လုပ်ငန်းများ ဖြစ်လာနိုင်အောင် လည်း ဝိုင်းဝန်းကူညီပံ့ပိုးရမှာ ဖြစ်ပါတယ်။ ဈေးကွက်မရှိပါက အစိုးရက ဝယ်ယူသိုထားပြီး လိုအပ်တဲ့ အချိန်မှာ ပြန်လည်သက်သာသော ဈေးနှုန်းဖြင့် ပြန်လည်ရောင်းပေးကူညီခြင်းအားဖြင့် တောင်သူဦးကြီး များကို ဆွဲခေါ်ရာ ရောက်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတွေကတော့ ဖွံ့ဖြိုးတဲ့ ရန်ကုန် မန္တလေးတို့လို

နေရာတွေမှာစုပုံ ရောက်ရှိလာကြပါတယ်။ Population Density Over Population ဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ နယ်မှာ မဖွံ့ဖြိုးလို့ပဲ ဖြစ်ပါတယ်။ စားပွဲတစ်နေရာ ကျောတစ်ခင်းစာ လေးရဖို့ အများပိုင် လမ်းဘေးပလက်ဖောင်းတွေ (Public Premises) ဆိုတဲ့ အလုပ်ရုံ၊ စက်ရုံ၊ ရုံးတွေ၊ အားကစားရုံ ရှေ့မှာ ကျွန်တော်တို့က တိုလီမိုလီ အရောင်းဆိုင်တွေ လက်ဖက်ရည်ဆိုင်တွေ အကင်ဆိုင်တွေ ဘီယာအရက်ဆိုင်တွေ တော်တော်လေး အခြေအနေ ဆိုးနေပါတယ်။ City Image မြို့တော်ကြီး အင်္ဂါရပ်ကိုလည်း ထိခိုက်နေပါတယ်။ လောလောဆယ် ကျွန်တော်တို့ ဥပမာအနေနဲ့ ကြည့်လိုက်တဲ့ အချိန်မှာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီး ကြွရောက်နေတဲ့ အီတလီနိုင်ငံ၊ မီလန်၊ တူရင် တို့မှာ ကြည့်လိုက်တဲ့အခါမှာ သန့်ရှင်းသန့်ပြန့်နေပါတယ်။ အိမ်တွေကတော့ အထပ်အများကြီး မြင့်တာ မဟုတ်ပေမယ့် လမ်းတွေ ပလက်ဖောင်းတွေက သစ်ပင်တွေနဲ့ စိုစိုပြည်ပြည်နဲ့ ရှင်းနေပါတယ်။ Turin ဆိုတာလည်း မြို့တော်ပါ။ Lanchano ဆိုတာလည်း တောင်ပေါ်မြို့ပါ။ ဈေးကလည်း မကွာပါဘူး။ တကယ်လို့များ Milan မှာ၊ Turin မှာ Rome မှာ (၅၀)ဆင့်တန်တဲ့ ပေါင်မုန့်တစ်ထုပ်ဟာဆိုရင် Lanchano မှာ ကီလိုမီတာ(၃၀၀)ဝေးတဲ့ လန်ချားနိုမှာ သူက 50.02 Percent ပဲ သူက Transportation Charge နည်းနည်းလေးနဲ့ ရောင်းဝယ်တာ ဖြစ်ပါတယ်။

ဒါကြောင့် သူတို့က တစ်ပြေးညီ တိုးတက်တဲ့သဘောဆိုတော့ အားလုံးမှာလည်း လူတွေက ပုံမှန်ပဲ ရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် လူဦးရေ များလာတဲ့ လူနေသိပ်သည်းလာတော့ သမ္မာအာဇီဝရော၊ သမ္မအာဇီဝ မဟုတ်တာတွေရော လုပ်နေကြရပါတယ်။ စစ်ဘေးစစ်ဒဏ်ကြောင့် ကျွန်တော်တို့ရဲ့ သားသမီးများ အများအပြားလည်း နီးစပ်ရာနိုင်ငံကို ရောက်ရှိကြပြီး ယောကျ်ားလေးတွေဆိုရင် အလုပ်ရှင်ရဲ့ ကျေးကျွန်သဖွယ်၊ အမျိုးသမီးလေးတွေဆိုရင် အိမ်ဖော်တွေဖြစ်၊ လူကုန်တွေ ကူးခံရ၊ လိင်ကျွန်တွေဖြစ်၊ စိတ်ထောင်းကိုယ်ကြေတွေ ဖြစ်ပြီး တစ်ယောက်တလေများ အိမ်ပြန်ရောက်လာ နိုင်တာတောင် ရောဂါပေါင်းစုံနဲ့ သနားစရာ ကျွန်တော်တို့ရဲ့ သားသမီးတွေပဲ မဟုတ်ပါလား။

ဒါကြောင့် စစ်ဘေးစစ်ဒဏ် အများဆုံးဖြစ်ခဲ့ကြတဲ့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယား ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတွေနဲ့ အခြားဖွံ့ဖြိုးမှု အနည်းဆုံးဖြစ်တဲ့ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ၊ ရခိုင်ပြည်နယ် တချို့ တကယ်တမ်း လိုအပ်တဲ့နေရာမှာ ဖွံ့ဖြိုးရေးကို ဆတက်ထမ်းပိုး ဆောင်ရွက်ပေးပါက တစ်နိုင်ငံလုံးလည်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာပြီး Human Resource လူသားအရင်းအမြစ်တွေ ပညာရှင်တွေ တိုင်းတစ်ပါးတို့ ရောက်ရှိမှုကိုလည်း ကာကွယ်ပြီး သား၊ ရန်ကုန်တို့လို နေရာမျိုးမှာလည်း လူနေသိပ်သည်းမှု ကာကွယ်ပြီးသားလည်းဖြစ်၊ များမကြာခင်မှာ ဆိုရင် ငြိမ်းချမ်းရေးလည်း ပိုမိုခိုင်မြဲစွာ တည်ဆောက်လာနိုင်မှာ ယုံကြည်ပါကြောင်း ဆွေးနွေးရင်း ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ ငြိမ်းချမ်းရေး ရရှိလာ သည်နှင့် ယခင်က စစ်ဘေးစစ်ဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိန်းလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၈။**

**ဒုတိယဗိုလ်မှူးကြီးသိန်းလွင် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် တင်သွင်းထားတဲ့ ပြည်တွင်း ငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်စစ်ဘေးဒဏ် ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို စတင်တာဝန်ထမ်းဆောင်တဲ့အချိန်ကစပြီး တိုင်းပြည်မှာ ဒီမိုကရေစီ ရှင်သန်ရေးအတွက် အဓိကလိုအပ်ချက် (၂)ရပ်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးတို့ကို အဓိကရည်မှန်းချက်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပထမအချက်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုရှိရေးဆိုတဲ့နေရာမှာ နိုင်ငံရေးတည်ငြိမ် အေးချမ်းမှုနဲ့ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အသီးသီးနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်မှု ဆိုတာ အရေးကြီးတဲ့ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ တူတာကို တွဲလုပ်၍ မတူသည်များကို ဆက်လက်ဆွေးနွေးရန် ဆိုသည့် လမ်းညွှန် ညွှန်ကြားချက်အောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဥ်များကို အောင်မြင်သည့်အထိ ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါ ဖြစ်ပါသည်။

လက်ရှိ ပြည်ထောင်စုအစိုးရအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းကို ကူးပြောင်းလျှောက်လှမ်းရန်အတွက်လည်းကောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်မှုကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ အဓိကဆောင်ရွက်ချက်တစ်ခုအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်အစိုးရ ဦးဆောင်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် အတူတကွ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

စစ်မှန်သော စေတနာဖြင့် ဆောင်ရွက်ခဲ့သည့် ရလဒ်များကြောင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့ (၁၄)ဖွဲ့တို့နှင့် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်တွင် ငြိမ်းချမ်းရေး သဘောတူစာချုပ် (၃၈)ခု လက်မှတ်ရေးထိုးခဲ့ပြီး အပစ်အခတ် ရပ်စဲထားနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ဆွေးနွေးဆဲအဖွဲ့ (၂)ဖွဲ့ စုစုပေါင်း(၁၆)ဖွဲ့နဲ့ တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ လက်မှတ်ရေးထိုးပြီးသော ငြိမ်းချမ်းရေးသဘောတူ စာချုပ်များ၌ တစ်ပြည်လုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေး အချက်များအပြင် ဒေသဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူသားချင်း စာနာသော အထောက်အပံ့များ ပေးအပ်နိုင်ရေး၊

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စစ်ဘေးကြောင့် ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေး စသည့် အချက်များကို သဘောတူချုပ်ဆိုနိုင်ခဲ့ပါတယ်။

စာချုပ်များအားလုံးပါ သဘောတူညီချက် (၂၂၆) ခုအနက် (၄၉)ခုကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး (၁၃၂)ခုမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်းနှင့် (၄၅)ခုမှာ ဆောင်ရွက်ရန် စီမံလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ စာချုပ်ချုပ်ဆိုခဲ့သော နယ်မြေဒေသများမှာ နယ်စပ်ဒေသ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တည်ငြိမ်အေးချမ်းမှု အသီးအပွင့်များကို ရရှိခံစားနေရပြီး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည့် စားနပ်ရိက္ခာ လိုအပ်နေသော တိုင်းရင်းသားအဖွဲ့များ၊ စစ်ရှောင်ဒုက္ခသည်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် ရိက္ခာများ ထောက်ပံ့ပေးပို့ခဲ့ရာ၌ ၂၁-၅-၂၀၁၄ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ၊ (မော်လမြိုင်) သို့ ဆန်အိတ် (၆၈၈၈)အိတ်၊ ဆီ (၁၃၇၇၅)ပိဿာ၊ ဆား (၁၃၈)အိတ်နှင့် ပဲ (၉၁၉)အိတ် တို့ကိုလည်းကောင်း၊ ၂၃-၆-၂၀၁၄ ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (သထုံ) သို့ ဆန် (၆၅၀)အိတ်၊ ဆီ (၁၅၀၁)ပိဿာ နှင့် ပဲ (၅၅)အိတ်ကိုလည်းကောင်း၊ ၂၆-၆-၂၀၁၄ ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (တောင်ကြီး) သို့ ဆန် (၁၈၃၀) အိတ် ၊ ဆီ (၅၃၄၆) ပိဿာ၊ ဆား (၄၁) အိတ် နှင့် ပဲ (၁၅၅) အိတ်ကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်၍ ထောက်ပံ့ပေးနိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်အစိုးရ တာဝန်ယူစဉ်ကာလ၌ပင် ပဋိပက္ခဖြစ်ပွားရာ တိုင်းရင်းသားဒေသများသည်လည်း အခြားပြည်နယ် တိုင်းရင်းသားဒေသများနှင့် တစ်ပြေးညီတိုးတက်စေရန် ရည်ရွယ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနအသစ်တစ်ခုကို စတင်ဖွင့်လှစ်ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ဝန်ကြီးဌာနကပင် လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတိုးတက်ကောင်းမွန်ရေး၊ မူးယစ်ဆေးဝါး ကင်းစင်ရေး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးမှု (၅)ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

လက်ရှိ ပြည်ထောင်စုအစိုးရကာလတွင် နယ်စပ်ရေးရာကိစ္စများကို အလေးထား ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားပြီး ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဟု ပြောင်းလဲဖွဲ့စည်း၍ နယ်စပ်ကျေးလက် ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက် ရှိနေပါတယ်။ ထို့အပြင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရန် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားစက်ရုံများ တိုးချဲ့ဆောက်လုပ်ခြင်းများ စသည့် စီမံကိန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ပိုမိုရရှိလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းပိုမို မြင့်မားလာပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဒေသဆိုင်ရာ ယဉ်ကျေးမှုကို အခြေခံသော လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းကောင်းများ

ပေါ်ပေါက်လာကာ လူတစ်ဦးချင်း၏ ဝင်ငွေတိုးပွားလာနိုင်ခဲ့ပြီး ဆင်းရဲမှုလျှော့ချနိုင်မှာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ တူညီသောဆန္ဒနှင့်အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံသစ်ကြီး တည်ဆောက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြုပြင်ပြောင်းလဲမှု အစရှိသည်တို့ကို ဆောင်ရွက်ရာမှာ နယ်မြေဒေသ အေးချမ်းတည်ငြိမ်မှုသာ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်အကောင်ထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို ချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါတယ်။ ၁၈-၁၁-၂၀၁၃ ရက်မှာ ကျင်းပတဲ့ အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို အတည်ပြုပေးနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီး၏ ပြည်သူဗဟိုပြု ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်နှင့်ကိုက်ညီသော နိုင်ငံတကာအသိုက်အဝန်းကလည်း အားပေးထောက်ခံသော မူဘောင်တစ်ခု ဖြစ်ပါတယ်။

မဟာဗျူဟာမူဘောင်မှာ လုပ်ငန်းစဉ်အရ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကတော့ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချစေရန် တစ်ပိုင်တစ်နိုင်မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ စားနပ်ရိက္ခာဖူလုံရန်အတွက် အာဟာရပြည့်ဝစေရန်၊ ကျေးလက်ဒေသ အခြေခံ အဆောက်အဦများ တိုးတက်ကောင်းမွန်စေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးမြှင့်စေရန်နှင့် မမျှော်မှန်းနိုင်သောဘေးအန္တရာယ် ကျရောက်ပါက တုံ့ပြန်မှုအားကောင်းစေရန်တို့ ဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိပြီးသော တိုင်းရင်းသားဒေသများအတွက် အလျင်အမြန် တိုးတက်စေနိုင်သော လူထုဗဟိုပြု ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များအတိုင်း လိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ထဲမှ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဆိုသည့် မူဝါဒအတိုင်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံကျေးလက်ပြည်သူများ၏ လူမှုဘဝတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ဒေသခံပြည်သူများ နှင့်အတူ လက်တွဲပြီး အားသွန်ခွန်စိုက် ဆောင်ရွက်လျက် ရှိပါတယ်။

အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် မြို့နှင့် အလှမ်းကွာဝေးသော ကျေးလက်ဒေသနေပြည်သူများအတွက် နယ်လှည့်ဆေးကုသရေးအဖွဲ့များဖွဲ့ပြီး ကျန်းမာရေး စစ်ဆေး ပေးခြင်း၊ ဆေးဝါးများကုသပေးခြင်း၊ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးခြင်း၊ သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာများတိုးပွားရေးအတွက် ဒေသခံပြည်သူများနဲ့ တွေ့ဆုံပညာပေးဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်

ရှိပါတယ်။ လူသားမျိုးနွယ်တစ်ရပ်လုံးကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး အတွက် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးစေနိုင်ရန်အတွက် ပညာပေးခြင်း၊ နိုင်ငံတော်မှ ချမှတ်ထားသော နှစ်ရှည်/နှစ်တို စီမံကိန်းများတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲသူ ပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးတို့ကို ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်လျက် ရှိပါတယ်။

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လမ်းများ ဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်နက်ကိုင်တိုင်းရင်းသားဒေသများတွင်ရှိသော စွန့်လွှတ်မိုင်းများ ရှင်းလင်းရေးလုပ်ငန်းကိုလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ လူမှုဘဝတိုးတက် မြင့်မားရေးအတွက် စီးပွားရေး ပတ်ဝန်းကျင် အခြေခံကောင်းများ ဖန်တီးပေးရန် လိုအပ်သကဲ့သို့ စီးပွားရေးပတ်ဝန်းကျင်အခြေခံကောင်း များကိုလည်း တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ ဒေသများဟာ တည်ငြိမ်အေးချမ်းမှုရှိသည့် အခြားပြည်နယ်၊ တိုင်းဒေသကြီးများထက် စီးပွားရေး၊ ပညာရေး စသည့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုချင်းစီအလိုက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ညွှန်းကိန်းများအား Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ စီးပွားရေးညွှန်းကိန်းကို ကြည့်ပါက လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားခဲ့သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် တို့၏ GDP များနှင့် Per Capita GDP များသည် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားခြင်း မရှိသည့် တိုင်းဒေသကြီးများနှင့် အခြားပြည်နယ်များထက် နိမ့်ကျလျက်ရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တင်ပြ မှာကတော့ GDP ပါဝင်မှု ရာခိုင်နှုန်း ဖြစ်ပါတယ်။ တင်ပြပါကတော့ Per Capita GDP အချိုးအစား ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့မှ ပညာရေးညွှန်းကိန်းများကို တင်ပြအပ်ပါတယ်။ သက်ကြီး စာတတ် မြောက်မှုနှုန်း၊ ကျောင်းနေနှုန်း၊ ဆရာ၊ ကျောင်းသားအချိုးများသည်လည်း ငြိမ်းချမ်းရေး ရရှိပြီးသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များထက် နိမ့်ကျနေသည်ကို တွေ့ရှိရပါတယ်။

ဆက်လက်ပြီးကျန်းမာရေး အညွှန်းကိန်းများဖြင့် လူ၏မျှော်မှန်းသက်တမ်း တစ်နှစ်အောက် ကလေးသေနှုန်း၊ ငါးနှစ်အောက် ကလေးသေနှုန်း၊ သားဖွားမိခင်သေဆုံးမှုအချိုးများလည်း ကျွမ်းကျင် ဝန်ထမ်းများနှင့် မွေးဖွားမှုနှုန်း၊ လူဦးရေနှင့် ဆရာဝန်အချိုး စသည်တို့တွေကလည်း ငြိမ်းချမ်းသော တိုင်းဒေသများနှင့် ပြည်နယ်များထက် နိမ့်ကျကြောင်း တွေ့ရှိရပါတယ်။ ဆက်လက်ပြီးတော့မှ လမ်း၊ တံတား တည်ဆောက်မှု၊ လျှပ်စစ်မီးရရှိမှုများကလည်း ငြိမ်းချမ်းရေး ရရှိပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များထက် နိမ့်ကျနေကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်သည်ဟု မှတ်ယူရမည်ဖြစ်ပါတယ်။ ဒါကြောင့် စစ်ဘေးဒဏ်ခံခဲ့ ရသော ဒေသများအား အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့နယ်များနှင့် တပြေးညီ ဖွံ့ဖြိုးတိုးတက်

စေရန်အတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝများတိုးတက်လာပါက ငြိမ်းချမ်းရေးကို တန်ဖိုးထားသည့်စိတ်၊ ထာဝရ ငြိမ်းချမ်းရေးကို ထိန်းသိမ်းလိုသည့် စိတ်ဆန္ဒများ ဖြစ်ပေါ်လာမှာဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါ၍ အဆိုရှင် ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် တင်သွင်းထားတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးစစ်ဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်း ချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးပါရန် အဆိုကို ထောက်ခံတင်ပြပါကြောင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၁၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၁၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၂၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၂၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ ဦးလှဆွေ က ဆွေးနွေးဖို့ ပြင်နေတဲ့အချိန်မှာ လွှတ်တော်ခဏနားတဲ့အခါ ကျတော့ အချိန်နည်းနည်း လျော့သွားတယ်ထင်တယ်။ ကဲ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး

ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် အမှတ်(၃)က ဦးဘိုးရယ် ရဲ့ အဆိုကို ထောက်ခံတင်ပြမှာ ဖြစ်ပါတယ်။ ဒီလိုတင်ပြတဲ့အခါမှာ ကျွန်တော်အပိုင်း(၃)ပိုင်းနဲ့ ကျွန်တော် တင်ပြပါမယ်ခင်ဗျား။

ပထမအပိုင်းကတော့ ကယားပြည်နယ်ရဲ့ အခြေအနေလေး ကျွန်တော် တွေ့ကြုံဖူးခဲ့တဲ့ အခြေအနေလေး ကျွန်တော် တင်ပြပါမယ်။ ကယားပြည်နယ်ဟာ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ဒီ ကယားပြည်နယ်ကို စစ်ဆင်ရေးဝင်လို့ရှိရင် ဖွတ်လိပ်မြွေတောင်း၊ ပွေပုံလောင်း ဆိုပြီးတော့ အင်မတန် နတ်ကြီးတယ် ဒါတွေကို မစားကြနဲ့ဆိုပြီးတော့ ကျွန်တော်တို့ တိုင်းမှူးတွေ၊ တပ်မမှူးတွေက ကြေးနန်း ထုတ်ပြီးတော့ ကျွန်တော်တို့ကို တားပါတယ်။ ကျွန်တော်တို့လည်း ပထမ (၁)လ၊ (၂)လတော့ သည်းခံ ပါတယ်။

ဒါပေမဲ့ ကန္တာရဝတီဆိုတဲ့အတိုင်း ကယားပြည်နယ်ဟာ အင်မတန် အစာရေစာ ငတ်မွတ် ခေါင်းပါးတဲ့ဒေသ ဖြစ်လေတော့ နောက်ပိုင်းကျတော့လည်း ဖွတ်လိပ်မြွေတောင်း စားလို့ကောင်း ဆိုပြီး တော့ စားကြတာပါပဲ။ ရဲဘော်တွေဟာ အကုန်လုံးဟာ ဒါနဲ့ပဲဆက်ပြီးတော့ စစ်ဆင်ရေးတွေ ဝင်ခဲ့ကြ။ အဲဒီတော့ ဒီဒေသဟာ အင်မတန်ခေါင်ပြီးတော့ ဗမာပြည်မှာလည်း အသေးဆုံးပြည်နယ်တစ်ခုဖြစ်တယ်။ ဧရိယာစတုရန်းမိုင်အားဖြင့် အင်မတန်ကျဉ်းမြောင်းတယ်။ အဲဒီလို ကျဉ်းမြောင်းတာဟာ သူ့အတွက် ဒါစပ်ကြားနယ်မြေများတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ တစ်ဖက်ကို ကူးသွားတာ လွယ်ကူတဲ့ အတွက်ကြောင့် အဲဒီမှာ အင်မတန်လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ပေါများတဲ့ အနေအထား တွေ့ရပါတယ်။ အဲဒီတော့ သူတို့က ပြီးကျတော့ ကယားပြည်နယ်အလယ်ခေါင်က ဖြတ်စီးနေတဲ့ သံလွင် မြစ်ကြီးကလည်း တစ်ကယ့် Auspices ကြီးတစ်ခုလို ဖြစ်နေတဲ့အတွက်ကြောင့် ဒါဟာ လက်နက်ကိုင် အဖွဲ့အစည်းတွေအတွက် ဒါဟာ အင်မတန်ခိုင်မာတဲ့ တံတိုင်းကြီးလို ဖြစ်နေတော့ ကျွန်တော်တို့ တပ်မတော်တွေအနေနဲ့ သွားရတာ အင်မတန်ခက်ပါတယ်။ သို့သော် အခု နောက်ပိုင်းမှာတော့ ငြိမ်းချမ်းရေး ရောင်နီသမ်းလာပြီ ဖြစ်တဲ့အတွက် ဒီဒေသတွေဟာ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပြီလို့ ဦးဘိုးရယ် ရဲ့ အဆိုအတိုင်း ဖြစ်ပါတယ်။ ဒါဟာ လက်ရှိ ကယားပြည်နယ်ဟာ သူ့ဘာသာသူ ရပ်တည်ဖို့မလွယ်ဘူး။ အင်မတန်ဝေးလံခေါင်ပါး ခက်ခဲတဲ့အရပ်ဖြစ်တယ်ဆိုတာ ကျွန်တော် ပထမတင်ပြလိုပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော် တင်ပြလိုတာတော့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပါတယ်။ Peace Process မှာ ကျွန်တော်တို့က ပထမအနေနဲ့ ကြိုတွေးထားရမှာပေါ့။ နောက်ပိုင်းမှာ ကျွန်တော်တို့က အခုအချိန်မှာ လက်ငင်းအကောင်အထည် မပေါ်နိုင်သေးဘူးဆိုပေမယ့် တစ်ချိန်မှာတော့ ငြိမ်းချမ်းရေး ဟာ လုံးဝ မဖြစ်မနေ၊ မလွဲမသေ ရရှိလာတော့မှာဖြစ်တဲ့အတွက် အဲဒီအချိန်ကျရင် ကျွန်တော်က ရှေ့က ငြိမ်းချမ်းရေး မအောင်မြင်ခဲ့တာလေးတွေကိုတော့ တင်ပြလိုပါတယ်။ ဥပမာ - ကျွန်တော်တို့ ဦးခွန်ဆာကြီး လက်နက်ချတုန်းက ဒီလက်နက်တွေကို သွားပြီးတော့ သိမ်းဆည်းတဲ့ တပ်မ(၅၅) နဲ့ ကျွန်တော်က ပါသွားပါတယ်။ ပါသွားတဲ့အခါမှာ ကျွန်တော်တို့ ဟိုမိန်းမှာ ကျွန်တော်တို့ လက်နက်တွေကို ဖြုတ်ပြီးတော့ လက်ခံတဲ့အခါမှာ ကျွန်တော်တို့ အခု RCSS ၊ SSC ဒီလို ရှက်ဆစ်တို့က ကျန်နေပါတယ်။ ကျန်နေတော့ သူတို့က တစ်ပတ်လောက်ကြာတော့ ရှက်ဆစ်တို့က လူ (၄)(၅)(၆) ယောက်လောက်နဲ့ ပြန်ပြီးတော့ တောခိုသွားပါတယ်။ ကျန်တဲ့ လူတွေကတော့ လက်နက်တွေထောင်ပေါင်း များစွာနဲ့ Sam-7 လို့ ခေါ်တဲ့ လေယာဉ်ပစ်တဲ့ Missile တွေတောင်မှ ပါပါတယ်။

အဲဒီတုန်းက အဲဒါတွေနဲ့ လက်နက်ချခဲ့ပေမယ်လို့ ဟိုကို ပြန်လွှတ်လိုက်တဲ့ ဒီ ထောင်နဲ့ချီတဲ့ MTA လို့ ခေါ်တဲ့ Mong Tai Army အဖွဲ့ဝင်တွေဟာ သူ့ရွာရောက်တဲ့အခါမှာ သူ့ပိုက်ဆံတစ်ထောင်နဲ့ ခရီးသွားလာခွင့်လက်မှတ် ဒါလေးပဲ ပေးလိုက်တယ်။ ဟိုရွာရောက်တဲ့အချိန်မှာ သူ့မှာ ဘာမှလုပ်ကိုင် စားသောက်စရာ မရှိတဲ့အခါကျတော့ ကျွဲမရှိ၊ နွားမရှိ၊ ပေါက်ပြားမရှိ၊ ဓားမရှိ ဒီလိုအခြေအနေ ရောက်တော့ ဟိုအဖွဲ့တွေက ပြန်ပြီးခေါ်တဲ့အခါမှာ ပြန်ပါသွားပါတယ်။ ပြန်ပါသွားတဲ့အချိန်မှာ ဒီလောက် ကြီးမားတဲ့ သောင်းကျန်းသူအဖွဲ့ကြီးဟာ တစ်ခါပြန်ပြီးတော့ နာမည်ပြောင်းပြီးတော့ နောက်တစ်ဖွဲ့ ဖြစ်သွားပါတယ်။ ဒါဟာ အရေးကြီးပါတယ်။ အဲဒီတော့ သူတို့ကို တစ်ကယ့်ငြိမ်းချမ်းရေး Peace Process လုပ်ပြီးဆိုတာနဲ့ သူတို့ရဲ့ စားဝတ်နေရေး ကျွဲတွေ၊ နွားတွေ၊ လယ်တွေ၊ ယာတွေ ချထားပေးဖို့၊ အဲဒီလို အကုန်လုံး ပြင်ဆင်ပေးဖို့ ကျွန်တော်တို့အစိုးရမှာ တာဝန်ရှိပါတယ်။ ဒါတွေကို ကြိုတင်ပြင်ဆင် ထားဖို့ လိုလိမ့်မယ်။ မဟုတ်လို့ရှိရင်တော့ ဒါ သံသရာလည်နေမှာပဲ။ သူတို့ကို အဲဒီတုန်းကတော့ ငွေတစ်ထောင် ပေးပြီးတော့ ခရီးသွားလက်မှတ်ပေးတော့ သူတို့ ရွာတော့ ရောက်သွားမှာပေ့ါ။ ရွာရောက် ပေမယ့်လို့ သူတို့ ဟိုမှာ လုပ်ကိုင်စားသောက်စရာ မရှိတော့ သူတို့ ပြန်ပြီးတော့ ခေါ်တဲ့အခါမှာ ဒီလောက် ကြီးမားတဲ့ အဲဒီတုန်းက (၄)၊ (၅)၊ (၆) ယောက်နဲ့ ဝင်သွားတဲ့အဖွဲ့က နောက်ပိုင်းကျတော့ အခုအချိန်အထိ အင်အား အင်မတန်ကြီးမားစွာ ဖြစ်သွားတယ် ဆိုတာ ကျွန်တော်တို့ သင်ခန်းစာယူဖို့ ကောင်းပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။

တတိယအချက်အနေနဲ့ ကျွန်တော်တင်ပြလိုတာက ကျွန်တော်တို့မြန်မာနိုင်ငံဟာ အဓိက ကုန်သွယ်ရေးတွေ လုပ်နေတာ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံ ဖြစ်တယ်။ အဲဒီတော့ တရုတ်နိုင်ငံကို ကျွန်တော် မပြောချင်ဘူး။ ကယားပြည်နယ်က ထိုင်းနိုင်ငံနဲ့နီးစပ်တယ်။ ထိုင်းနိုင်ငံက ကျွန်တော်တို့နိုင်ငံကို အဓိက ဝင်ပေါက်က နှစ်ခုရှိတယ်။ တာချီလိတ်နဲ့ မြဝတီ ဖြစ်တယ်။ အဲဒီတော့ တာချီလိတ်နဲ့ မြဝတီ။ တာချီလိတ် က မြန်မာပြည်ရဲ့ မန္တလေးကို ဦးတည်တယ်။ မြဝတီကတော့ မြန်မာပြည်ရဲ့ ရန်ကုန်ကို ဦးတည်တယ်။ ဆိုတော့ ကျွန်တော်တို့ဆီက ထွက်ကုန်တွေကို အဲဒီကနေ ပို့တယ်။ သူတို့ဆီက ထွက်ကုန်တွေလည်း အဲဒီကနေလာတယ်။ လာတော့ အဲဒီနှစ်ခုလုံးရဲ့ အနေအထားနဲ့စာရင် ဥပမာ - မန္တလေးကို ဝင်နေတဲ့ ထိုင်းပစ္စည်း၊ မန္တလေးက ထွက်သွားတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပစ္စည်း ထိုင်းကို ပို့ပို့ဟာဆိုရင် အင်မတန်မှ ဝေးပါတယ်။ ဒီခရီးလမ်းကြောင်း အင်မတန်ရှည်ပါတယ်။ သို့သော် ကယားပြည်နယ်ကနေ သွားလိုက်မယ်ဆိုရင် မယ်စဲ့၊ မယ်စဲ့ကနေ စသည်ဖြင့် ကယားကနေ ဟောဒီ နေပြည်တော်၊ မန္တလေး စသည်ဖြင့် ဟောဒီမြန်မာပြည်ရဲ့ အလယ်ခေါင်ကို အနီးဆုံးလမ်းဟာ ကယားပြည်နယ်ရဲ့ ဝင်ပေါက် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီနေရာကြီးဟာ ထိုင်း-ကယား-နေပြည်တော် လမ်းကြောင်းကြီးသာ တစ်ကယ်လို့ ပွင့်သွားရင် ကျွန်တော်တို့ ဦးဘိုးရယ် တင်ပြသလို ကယားပြည်နယ်ရဲ့ ဒေသခံပြည်သူတွေဟာ ခရီးသွား လုပ်ငန်းတွေ၊ တည်းခိုခန်းတွေ၊ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ၊ မိုတယ်တွေ စသည့် လုပ်ငန်းတွေမှာ အင်မတန်ဖွံ့ဖြိုးလာပြီးတော့ မူဆယ်ကဲ့သို့၊ မြဝတီကဲ့သို့ တကယ့် စီးပွားရေး အချက်အချာကျတဲ့ ဒေသကြီး တစ်ခု ဖြစ်လာမယ်။ အချက်အချာကျတဲ့ ဝင်ပေါက်ကြီး ထိုင်း-ကယား-နေပြည်တော် ဒီလမ်းကြောင်းကြီး ဟာ အင်မတန် အတိုဆုံးပါ။ မြန်မာပြည်မှာ အတိုဆုံးလမ်းကြောင်း ဖြစ်တယ်။ အတိုဆုံးလမ်းကြောင်းနဲ့ ကျွန်တော်တို့ဆီကပို့တဲ့ ထွက်ကုန်ဖြစ်စေ၊ သူတို့ဆီကလာတဲ့ ကုန်ပစ္စည်းဖြစ်စေ၊ ကျွန်တော်တို့ဟာ လွယ်ကူလျင်မြန်စွာ အသုံးချရမှာဖြစ်တဲ့အတွက် ဒေသခံတွေဟာ အင်မတန်ဖွံ့ဖြိုးတိုးတက်တဲ့ ကယား

ပြည်နယ်ကြီးတစ်ခု ဒါ လျှင်မြန်စွာ ကျွန်တော်တို့ဟာ ကောင်းမွန်တဲ့လမ်း ဖောက်ပေးမယ်။ နယ်စပ်ကုန်သွယ်ရေးဂိတ်တစ်ခု ဖွင့်ပေးလိုက်တာနဲ့ ဒေသခံတွေကို ကြီးမားတဲ့ အကျိုးအမြတ်တွေ ရရှိစေမှာ ဖြစ်တယ်လို့ တင်ပြလိုပါတယ်။

နောက်ဆုံး တင်ပြလိုတဲ့အချက်ကတော့ မိုင်းရှင်းလင်းရေး ဖြစ်ပါတယ်။ ကယားပြည်နယ်မှာ မိုင်းဟာ အင်မတန်ထူပြောပါတယ်။ ကျွန်တော်တို့ စစ်ဆင်ရေးဝင်တဲ့အခါမှာလည်း ဒီလိုပါပဲ။ တပ်တိုင်း၊ တပ်တိုင်းလည်း ဒီလိုမျိုးမိုင်းစစ်ဆေးရေးဒဏ် ခံရတယ်။ ဒေသခံပြည်သူတွေလည်း ခံကြရပါတယ်။ အဓိကမိုင်းမှာတော့ (၃)မျိုးရှိပါတယ်။ ပထမတစ်မျိုးကတော့ ဓာတ်ခဲနဲ့လုပ်တဲ့မိုင်းဖြစ်တယ်။ ဓာတ်ခဲနဲ့လုပ်တဲ့မိုင်းကတော့ ဓာတ်ခဲအား ကုန်သွားတဲ့အချိန်မှာ အသက်ဝင်တော့မှာ မဟုတ်ပါဘူး။ နောက်တစ်ခုကတော့ သံကျွတ်နဲ့လုပ်တဲ့မိုင်းကလည်း သံချေးတက်သွားရင်၊ ကြာရင် ဒါအန္တရာယ် နည်းနည်းကင်းလွတ်နိုင်ပါသေးတယ်။ အတိုင်းအတာတစ်ရပ်အထိ။ သို့သော် ကျွန်တော် ပလတ်စတစ်နဲ့လုပ်ပြီး ဖိုင်ဘာနဲ့သုံးတဲ့ ရာဘာတွေ၊ ဖိုင်ဘာတွေ၊ ပလတ်စတစ် နဲ့ သုံးတဲ့မိုင်းကတော့ ရေရှည်ကိုဒုက္ခပေးတာ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ အမေရိကန်က ထုတ်တဲ့ M-၁၄ နင်းမိုင်းဟာ ပလတ်စတစ်တွေ၊ ရာဘာတွေ နဲ့ ထုတ်တဲ့၊ ဖိုင်ဘာတွေနဲ့ ထုတ်တဲ့ မိုင်းဖြစ်တဲ့အတွက် မိုင်းရှာစက်တွေကလည်း ရှာဖွေလို့ အင်မတန်ခက်ခဲတဲ့ဟာ ဖြစ်ပါတယ်။ စူးထိုးပြီး ရှာဖွေရတဲ့ အနေအထား ဖြစ်တယ်။

အဲဒါတွေမှာ အခုအချိန်အထိ ကျွန်တော်တို့ဟာ တပ်မတော်သားတွေ အပါအဝင် ကျွန်တော်တို့ ဒေသခံယောကျ်ား၊ မိန်းမ အသက်ကြီးငယ်မဟူ ထိခိုက်ဒဏ်ရာ ရရှိနေတာ ဒီပလတ်စတစ်နင်းမိုင်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ M-၁၄ အမေရိကန်လုပ် ပလတ်စတစ်နင်းမိုင်းရဲ့ အန္တရာယ်ဟာ ဟိုတလောကပဲ ကျွန်တော်တို့ သိခဲ့ရပါတယ်။ ခြေထောက်တစ်ဖက် ပြတ်နေတဲ့ ရွာသားဟာ ကျွန်တော်တို့ သွားပြီးတော့ မျှစ်သွားချိုးတဲ့အခါမှာ ကျန်တဲ့ ခြေထောက်တစ်ဖက်ကို မိုင်းထပ်ထိတဲ့ အနေအထား ကျွန်တော်တို့ သိပ်မကြာသေးပါဘူး။ တစ်လလောက်ပဲ ရှိပါသေးတယ်။ ဆိုတော့ ဒီဟာတွေဟာ ဒီမိုင်းကို ရှာဖွေဖို့ အတွက်ဆိုရင်တော့ ကျွန်တော်နိုင်ငံတကာ အကူအညီပါ ရယူပြီးတော့မှ၊ ရှင်းလင်းပြီးမှသာလျှင် ဒေသခံတွေဟာ စိတ်ချလက်ချ နေထိုင်စားသောက်မှုဟာ ဘဝရပ်တည်ရေးဟာ အဆင်ပြေသွားလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးဘိုးရယ် ရဲ့ အဆိုကို ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဦးလှဆွေ ဆွေးနွေးတဲ့အထဲမှာ ကယားပြည်နယ် အသေးဆုံးဆိုတဲ့အတွက် ဗဟုသုတအဖြစ်ပေါ့။ မှတ်ချင်ရင်မှတ်ကြပေါ့။ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေ၊ အကျယ်အဝန်းတွေ၊ စတုရန်းမိုင်တွေ ပြောပြပါမယ်။ ရှမ်း(၆၀၁၅၅.၂၃) စတုရန်းမိုင်၊ စစ်ကိုင်း (၃၆၁၇၈.၇၂)မိုင်၊ ကချင် (၃၄၃၈၁.၇၄)မိုင်၊ မကွေး (၁၇၃၀၅.၃၂)မိုင်၊ တနင်္သာရီ (၁၆၇၃၅.၅၆)မိုင်၊ ပဲခူး (၁၅၂၁၃.၃၃)မိုင်၊ မန္တလေး (၁၄၆၅၀.၈၇)မိုင်၊ ရခိုင် (၁၄၂၀၀.၀၈)မိုင်၊ ချင်း (၁၃၉၀၆.၉၇)မိုင်၊ ဧရာဝတီ (၁၃၅၂၅.၈၈)မိုင်၊ ကရင် (၁၁၇၃၀.၈၅)မိုင်၊ မွန် (၄၇၄၇.၇၆)မိုင်၊ ကယား (၄၅၂၉.၅၆)မိုင်၊ ရန်ကုန်(၃၉၆၇.၈၆)မိုင် ဒါလိုအပ်တဲ့အချိန်မှာ သုံးဖို့အတွက် ဗဟုသုတအနေနဲ့ ပြောတာပါ။

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၀။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။** ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ဦးဘိုးရယ်၏ ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က တင်ပြတဲ့အချက်က အောက်ပါအတိုင်းတွေ့ရမှာ ဖြစ်ပါတယ်။ (၁)အချက်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ၊ (၂) အလျင်အမြန် ဖွံ့ဖြိုး တိုးတက်စေရေး၊ (၃) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရေးကို စီမံကိန်းချမှတ်ပေးပါရန်၊ (၄) အရှိန် အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ဆိုတဲ့ အချက်များကို တင်ပြသွားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ပြည်တွင်းငြိမ်းချမ်းရေး ရလာသည်နှင့် အဆိုရှင်က တင်သွင်း လာပေမယ့် ကျွန်တော် တင်ပြချင်တာကတော့ ပြည်တွင်းငြိမ်းချမ်းရေး ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လိုအပ်သောဒေသ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်နိုင်သလောက် နိုင်ငံတော်က ဆောင်ရွက်ပေးပါရန် လိုအပ်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ဒေသဟာ အဖြူရောင်နယ်မြေ ဖြစ်ပြီး၊ တချို့ဒေသဟာ ဒီအမဲရောင်ဒေသလည်း ဖြစ်သေးတဲ့အတွက် အမဲရောင်၊ အဖြူရောင် မဖြစ် သေးတဲ့ဒေသကို စောင့်ပေးတာ အဖြူရောင်ဒေသမှာ ဖွံ့ဖြိုးရေးမလုပ်ရသေးဘူးဆိုရင် နဂိုက စစ်ရေးဒဏ် မခံရသေးတဲ့ ဒေသဟာ နစ်နာသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဖြူရောင်ဒေသဖြစ်တဲ့ ဒေသ အသီးသီးကို နိုင်ငံတော်က ဖွံ့ဖြိုးရေးလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ပေးစေလိုကြောင်း ကျွန်တော် တင်ပြလိုပါတယ်။

ဥပမာ - ဧရာဝတီတိုင်း အနောက်ခြမ်းဒေသ၊ ပဲခူးရိုးမ၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ရခိုင် ပြည်နယ်နဲ့ ချင်းပြည်နယ်၊ မန္တလေးတို့ဟာ အဖြူရောင်ဒေသတွေ ဖြစ်ပါတယ်။ သို့သော်လည်းပဲ လေ့လာ ရသလောက်ဆိုရင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ ပေးထားတဲ့ ဘတ်ဂျက်ငွေ ပမာဏနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ အတိုင်းအတာဟာ အကျိုးသက်ရောက်မှု မရှိသေးတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလိုအပ်ပါတယ်။ နိုင်ငံတော်က နှစ်စဉ်ပေးထားတဲ့ ငွေကြေးပဏာမမှာ လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်း အတိုင်းအတာအတွက် အကျိုးသက်ရောက်မှု နည်းပါးခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးရေးဒေသများ ကို အတိုးနည်း သို့မဟုတ် အတိုးမဲ့ဖြင့် နှစ်ရှည်ချေးငွေကို နိုင်ငံတော်က သက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ် အစိုးရကို စီမံကိန်းအရ လိုအပ်သော ငွေကြေးပမာဏကို၊ အတိုင်းအတာကို အနှစ်(၃၀) သို့မဟုတ် အနှစ်(၂၀) စသည်ဖြင့် ချေးပေးနိုင်ပါက ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်အကောင်အထည်ဖော်နိုင် လိမ့်မယ် လို့ ထင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်း ချမှတ်ရန်လည်း လိုအပ်ပါတယ်။ ယခုအခါ ဒုတိယဗိုလ်မှူးကြီး သိန်းလွင် တင်ပြသလိုပဲ တိုင်းနဲ့ပြည်နယ်ဒေသအသီးသီးမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေ တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ တချို့ဒေသမှာ ပေးပါတယ်။ ချေးငွေပေးပါတယ်။ ပြည်နယ်ကသော် လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနက သော်လည်းကောင်း ပေးပါတယ်။ သို့သော် အဲဒီ ချေးငွေ

များကို စီမံကိန်းအတွက် မပေးတဲ့အတွက် ရပ်ရွာကော်မတီ၊ ကျေးရွာကော်မတီ အုပ်ချုပ်ရေးမှူးတွေက လွယ်တဲ့နေရာကို ချေးတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဥပမာ - ချင်းပြည်နယ်ဆိုရင် နွားနောက် ချေးငွေကို အမြောက်အမြား ပေးပါတယ်။ နွားနောက်ချေးငွေပေးတယ်ဆိုတာ နွားနောက် ဆိုတာက အစာကျွေးရတဲ့ တိရစ္ဆာန်မျိုး မဟုတ်ဘူး။ သူ့ဟာနဲ့သူ တောထဲသွားပြီးတော့ အစာရှာပြီးတော့ စားတဲ့ မွေးမြူရေးနည်းတစ်မျိုးဖြစ်တဲ့အတွက် အဲဒီအတွက် ငွေကို ချေးစရာမလိုဘူး။ နွားတွေ၊ ကြက်တွေ၊ ဝက်တွေမျိုး ဆိုရင်တော့ အစာကျွေးရတဲ့အတွက် တစ်မျိုးချေးဖို့ရန် ရန်ပုံငွေလိုအပ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်ဆိုလိုတာက အဲဒီ နွားနောက်ချေးငွေ အစားမျိုးကို စီမံကိန်းချပြီးတော့ တခြား လိုအပ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနေရာကို စနစ်တကျနဲ့ အကောင်အထည်ဖော်ဖို့ လိုအပ်တယ်လို့ ကျွန်တော် ထင်တယ်။

နောက်တစ်ခုက အဲဒီချေးငွေကို တချို့က စိုက်ပျိုးရေးသမားတွေ၊ မွေးမြူရေးသမားတွေ မရဘဲနဲ့ ကုန်သည်တွေကို ချေးပြီးတော့ ချေးထားတာကို သက်ဆိုင်ရာမြို့နယ် အာဏာပိုင်တွေက ချေးတာ ကျွန်တော်တို့ တွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစီမံကိန်းဟာ တစ်နှစ်အတွင်း အတိုးရော၊ အရင်းရော ပြန်ဆပ်ရမယ်ဆိုတဲ့ ကိစ္စအတွက်ကြောင့် တာဝန်ခံပေးတဲ့ မြို့နယ်တာဝန်ခံတွေက လုပ်ငန်းလွယ်ကူ သွားအောင် ချေးရတဲ့အတွက် ငွေကို ဒီအစိုးရရဲ့ စီမံကိန်း မအောင်မမြင်ဘဲ ဖြစ်နေတာကို ကျွန်တော် တွေ့ရပါတယ်။

နောက် အရှိန်အဟုန်မြှင့်ရန်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးချင်တာက ချင်းပြည်နယ်မှာ တိုးတက်မှုဟာ အထိုက်အလျောက် အရှိန်အဟုန်မြင့်တာကို ကျွန်တော်တို့တွေ့ပါတယ်။ တစ်နှစ်ပြီးတစ်နှစ် ကျွန်တော်တို့ဒေသပြန်သွားတဲ့အခါမှာ ပထမတွေ့နိုင်တာက လမ်းပန်းဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးဟာ တစ်ရွာနဲ့တစ်ရွာ အရင်တုန်းက လူသွားလမ်းတောင် မရှိသေးတဲ့ လူသွား လမ်းတောင် ကောင်းကောင်းမပါက်သေးတဲ့ဟာ အခုဆိုရင် တစ်ရွာနဲ့တစ်ရွာ ဆိုင်ကယ်သွားလမ်း တွေကို ကျွန်တော်တို့ (၉၀)ရာခိုင်နှုန်းလောက်ကို တွေ့ရပြီ ဖြစ်တဲ့အတွက် ကျွန်တော်တို့ အံ့တောင် အံ့သြစရာ ဖြစ်နေတယ်။ နောက် ကျေးလက်မှာ ကျေးလက်အသေးစား ရေအားလျှပ်စစ် စီမံကိန်းဟာ ချင်းပြည်နယ် ရွာတစ်ဝက် မဟုတ်တောင်မှ (၄၀)ရာခိုင်နှုန်းနီးပါးလောက်ကို ရွာတိုင်းကရပြီ။ သူ့အခြေအနေအရ ဥပမာ မြစ်၊ ချောင်းတွေ ရှိတဲ့အတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ သော်လည်းကောင်း၊ န.တ.လ က ထောက်ပံ့ငွေနဲ့ သော်လည်းကောင်း၊ နိုင်ငံတော်က ထောက်ပံ့ငွေနဲ့သော်လည်းကောင်း လုပ်ထားတဲ့အတွက် ရွာတွေမှာ မီးလင်းတဲ့၊ ကားလမ်းမကြီးအပိုင်းဆိုရင် ရွာ၊ မီးလင်းတဲ့ရွာတွေကို ကျွန်တော်တို့ ဒါ အများအပြား တွေ့ရတယ်။ တစ်ခါတလေ ရန်ကုန်ကနေ ပြန်သွားတယ်။ ရန်ကုန်မှာ တောင်မှ မီးက ပျက်တဲ့အခါရှိတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာတော့ ကျွန်တော်ရွာရောက်တဲ့အခါမှာ တစ်ညလုံး မီးလင်းတယ်။ တစ်ညလုံး မီးလင်းတယ် ဆိုတော့ ပိတ်စရာမရှိဘူး။ သူတို့ရေအားလျှပ်စစ်နဲ့ လုပ်ထားတဲ့အတွက် ရွာနဲ့ (၁)မိုင်၊ (၂)မိုင်ဝေးတဲ့ဒေသကို မီးလုပ်ထားတဲ့အခါ တစ်ညလုံး ဖွင့်ထားတာကို တွေ့ရတဲ့အတွက် ဖွံ့ဖြိုးမှု အတိုင်းအတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။

သို့သော်လည်းပဲ တစ်ပြည်လုံး အတိုင်းအတာအရ ကုလသမဂ္ဂစံနှုန်းနဲ့ ကောက်ထားတဲ့ ဆင်းရဲမှုလျှော့ချရေးမှာ တစ်ပြည်လုံးက (၂၆)ရာခိုင်နှုန်းအနက် အခုအချိန်မှာ (၅)နှစ်အတွင်းမှာ (၁၆)ရာခိုင်နှုန်းသို့ လျှော့ချပါရန် လျာထားခဲ့တယ်။ အဲဒီလျာထားချက်မှာ တစ်ပြည်လုံး သိပေမယ့်

ကျွန်တော်တို့ ချင်းပြည်နယ်အတွက် သီးခြားပြန်တွက်တဲ့အခါမှာ ချင်းပြည်နယ် က (၇၃)ရာခိုင်နှုန်းကနေ (၃၆)ရာခိုင်နှုန်း လျှော့ချရန် လျာထားပါတယ်။ ၂၀၁၅-၂၀၁၆ အထိကို။ ဒါကြောင့်မို့လို့ လိုအပ်တဲ့ ငွေကြေးပဏာမဟာ ကျန်တဲ့ တိုင်းနဲ့ပြည်နယ် ပေးတာထက် ပိုပြီးတော့ စံချိန်တွေကို လိုအပ်ကြောင်းကို ကျွန်တော် တင်ပြလိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဒေသ ခုန အဆိုရှင် တင်ပြသလို တင်ပြတာက စစ်ဘေး ဒဏ်ခံခဲ့ရသော တိုင်းဒေသများလို့ ခုန အဆိုရှင်က တင်ပြတယ်။ ကျွန်တော်တို့ဒေသက ခုနကတင်ပြသလို နဂို့နဂိုကတည်းက စစ်ဘေးဒဏ်လည်း မခံခဲ့ရဘူး။ အဖြူရောင်နယ်မြေ ဖြစ်ခဲ့ပါတယ်။ သို့သော် အဖြူရောင်နယ်မြေ ဖြစ်ခဲ့ရတဲ့ဒေသကို ဖွံ့ဖြိုးမှုအနည်းဆုံး ဘာဖြစ်လို့ ရာခိုင်နှုန်း ပြသလဲဆိုတာ ကလည်း ကျွန်တော်တို့ စဉ်းစားစရာဖြစ်တဲ့အတွက်၊ အဖြေထွက်တဲ့အတွက် နိုင်ငံတော်အစိုးရ အနေနဲ့လည်း အခု လျာထားချက်အတိုင်း ရာခိုင်နှုန်းပြည့်မီအောင်ကို ယခုထက်ပိုမိုပြီးတော့ ထောက်ပံ့ငွေများ လိုအပ်လိမ့် မယ်လို့ ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။

ယခုအခါမှာ န.တ.လ ကသော်လည်းကောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး ငွေကသော်လည်းကောင်း ကျေးလက်မှာသွားပြီးတော့ ဖွံ့ဖြိုးရေးစီမံကိန်း အမျိုးမျိုးကို ပေးတာ တွေ့ရပါတယ်ခင်ဗျား။ မွေးမြူရေး ကြက်၊ ဝက်မွေးမြူရေး ကိစ္စများကိုပေးတာ ကျွန်တော် တွေ့ရပါတယ်။ မွေးမြူရေးနှင့် ကျေးလက် ဝန်ကြီးဌာနနှင့် ချင်းပြည်နယ်လာတုန်းက လိုက်ဖူးပါတယ်။ ဒါပေမဲ့ အဲဒီမှာ သူပေးတဲ့စီမံကိန်းက မြစိမ်းရောင်စီမံကိန်းလို စသည့်အသေးစားကိစ္စတွေကို လက်တန်းပေးသွားတယ်။ သိန်း(၁၀၀)၊ (၂၀၀)၊ (၃၀၀)ကိုလည်း လက်တန်းပေးသွားတယ်။ လက်တန်း ပေးတဲ့အခါမှာ အုပ်ချုပ်ရေးမှူးက ဒီငွေကို ကိုင်ရ သလား။ ရပ်ရွာကော်မတီက ကိုင်ရမှာလား။ အဖွဲ့အစည်း ကိုင်ရမှာလားဆိုတာကို တိတိကျကျ ညွှန်ကြားလွှာ မထွက်သေးဘူးတဲ့အတွက် ဒေသခံတွေမှာ အခက်အခဲရှိတယ်။ တော်တော်ကို အခက်အခဲ ရှိတယ်။ အုပ်ချုပ်ရေးမှူးက ဒီငွေကို ကျွန်တော်ပဲ စီမံခန့်ခွဲမှုလုပ်မယ်လို့ ပြောတယ်။ ဝန်ကြီးက နှုတ်မိန့် ဖြင့် ဒါဟာ အုပ်ချုပ်ရေးမှူးတွေ၊ ကျေးလက်အုပ်ချုပ်ရေးမှူးတွေ၊ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ် အုပ်ချုပ်ရေးမှူးနဲ့ မဆိုင်ဘူး။ ကော်မတီဖွဲ့ပြီးတော့ ကော်မတီက ဒီငွေက ကိုင်ရမယ် ဆိုသော်လည်းပဲ အုပ်ချုပ်ရေးမှူးက သူက တာဝန်ရှိတယ်ဆိုပြီး ကိုင်တဲ့အတွက် ဒီလုပ်ငန်းစီမံကိန်းများကို စနစ်တကျ မဖော်ဆောင်နိုင်တာကို ကျွန်တော်တို့ တွေ့ရတယ်။

ဒါကြောင့်မို့လို့ ကျေးလက်ရဲ့ မြစိမ်းရောင်စီမံကိန်းပဲဖြစ်ဖြစ်၊ ဘာစီမံကိန်းပဲဖြစ်ဖြစ် နိုင်ငံတော် ကပေးတဲ့အခါမှာ အဓိက ပြည်သူများက ထိတွေ့နေရတာက ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ကျေးရွာမှာ အထောက်အကူပြုကော်မတီ၊ အဲဒီနှစ်ခုရဲ့ အာဏာလုပ်ပွဲဟာ ဘယ်လို၊ ဘယ်သူက အုပ်ချုပ်ရေးမှူးက ဘယ်လို ကျင့်သုံးရမယ်။ အထောက်အကူပြုကော်မတီက ဘယ်လိုလုပ်ရမလဲ ဆိုတာ ပြဿနာတက်တဲ့ အတွက် လိုအပ်တဲ့ထောက်ပံ့ငွေတွေဟာ စနစ်တကျ ပြည်သူများ ခံစားနိုင်ခြင်းမရှိဘဲ စီမံခန့်ခွဲမှု လိုအပ် ပါတယ်ဆိုတာကိုလည်း ကျွန်တော် တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်ကပေးအပ်တဲ့ ငွေကြေးပမာဏနဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေများကို စနစ်တကျ သုံးစွဲနိုင်ရေးနဲ့ ဒီထက်ပိုမိုထောက်ပံ့ငွေရရှိနိုင်ရေးကို လိုအပ်ပါတယ်အကြောင်း ကျွန်တော် တင်ပြရင်း ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ပြည်တွင်းငြိမ်းချမ်းရေးရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်မှ

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချ၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဘိုးရယ် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းနိုင်မည့် ရက်ကို ညှိနှိုင်း၍ လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၁)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၅၃။**

**ဥက္ကဋ္ဌ။** ။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက် နေ့ကို ၁၄း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]